EVERY FRIDAY

# မြစ်ကြီးနားသတင်း ဂျာနယ်

၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

www.myitkyinanewsjournal.com

http://www.facebook.com/myitkyinanewsjournal.mm

အတွဲ (၅)၊ အမှတ် (၁၈)

"ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ"

(ဇွန် ၁ - ဇွန် ၇ ၊ ၂၀၁၈)



## တပ်မတော်ကို အသရေဖျက်မှုဖြင့် တရားစွဲဆိုခြင်းသည် မိမိတစ်ဦးတည်း ဆန္ဒသာ ဖြစ်ကြောင်း တရားလိုဒုဗိုလ်မှူးကြီးထွက်ဆို

စာ - ၇ သို့ »



## တရုတ်ငှက်ပျောခြံများကို အရင်အစိုးရလက်ထက်ကလည်း ခွင့်ပြုခဲ့ခြင်းမရှိဟု ဝန်ကြီးချုပ် ဟောင်းဦးလဂျွန်ငန်ဆိုင်းငြင်းဆို

စာ - ၉ သို့ »



## သက်ငယ်မုဒိမ်းမှုများ သေဒဏ်ပေးရေးအတွက် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း အဆိုတင်သွင်းခဲ့သူ ဒေါ်မြသွေးစံနှင့် အင်တာဗျူး

စာ - ၁၀ သို့ »

## လိုင်စင်မဲ့ကား စာရင်းကောက်နေခြင်းမှာဖမ်းဆီးရန်အတွက် မဟုတ်ဟုမြို့နယ်အုပ်ချုပ်ရေးမှူးပြော

စာ - ၅ သို့ »

## မိုးကုတ်တွင်ဖြစ်ပွားခဲ့သော လေးလောင်းပြိုင်လူသတ်မှုနှင့် ပတ်သက်၍ အမှုမှန်ပေါ်ပေါက်ရေး လီဆူအဖွဲ့အစည်း အသီးသီး တောင်းဆို

စာ - ၁၇ သို့ »

## လုယက်မှုလျှော့နည်းကျဆင်းရေးအတွက် ပျိုးအဖွဲ့ကလေ့လာဆန်းစစ်

စာ - ၁၃ သို့ »

## လူမှုရေးဝန်ကြီးကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သတိပေး

စာ - ၅ သို့ »




Photo - Salai

မြစ်ကြီးနားသတင်းဂျာနယ်
( ဇွန် ၁ - ဇွန် ၇၊ ၂၀၁၈ )

# မြန်မာပြည်ငြိမ်းချမ်းရေးအတွက် ကက်သလစ်ဘာသာဝင်များ မြို့ပတ်ပုတီးစိပ်ဆုတောင်း

မြစ်ကြီးနား၊ မေ ၂၉

ကချင်ပြည်နယ်နှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးအတွက် မြစ်ကြီးနားကက်သလစ်အသင်းတော်မှ ဘာသာဝင်များက မြစ်ကြီးနားမြို့တွင် စီတန်းလှည့်လည် ပုတီးစိပ်ဆုတောင်းမှု တစ်ရပ် မေလ ၂၈ ရက်က ပြုလုပ်ခဲ့ကြသည်။

"အမိမြန်မာနိုင်ငံတော်ကြီးနှင့် ကချင်ပြည်နယ် အမြန်ဆုံး စစ်မှန်တဲ့ ငြိမ်းချမ်းရေးရဖို့အတွက် ရည်ရွယ်ပြီးမှ ဘာသာတူများပါဝင်ပြီးတော့ ငြိမ်းချမ်းရေးအတွက် အတူတကွဆုတောင်းတာတွေလုပ်တာဖြစ်ပါတယ်"ဟု ဖြစ်မြောက်ရေးကော်မတီမှ ဒုတိယဥက္ကဋ္ဌဆရာ ပေါလ်လဂန်တူးရော်က ပြောသည်။

လူထုအင်အား ၅၀၀၀ ကျော်ခန့်သည် မြစ်ကြီးနားမြို့ပေါ်တွင် မယ်တော်ပုံတူရုပ်ပွားတော်များကို ထမ်းစင်များနှင့်ထမ်းကာ ဓမ္မသီချင်း ချီးမွမ်းခြင်း၊ ပုတီးစိတ်ခြင်းများပြုလုပ်ရင်းစီတန်းလှည့်လည်ကာ ဆုတောင်းခဲ့ကြခြင်းဖြစ်သည်။

မြစ်ကြီးနားသာသနာမှ ကက်သလစ်ဘာသာဝင်များသည်နံနက်၆နာရီမှစတင်ကာ မြစ်ကြီးနားအောင် နန်းရပ်ကွက်ရှိ စိန့်ကိုလန်ဘန်ကသီဒြယ်ဘုရားကျောင်းတွင် စုဝေးကာ စတင်စီတန်းလှည့်လည်ခဲ့ကြခြင်း ဖြစ်သည်။

စီတန်းလှည့်လည်ရာတွင် "ငြိမ်းချမ်းခြင်း၏ မယ်တော်သခင်မကျွန်ုပ်တို့၏ နိုင်ငံကို ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်လာရန် ဆုတောင်းပေးတော်မူပါ။ ထာဝရဘုရားသခင် ဘေးဒုက္ခကြုံတွေ့နေရသောသူများကို ကူညီမစပေးတော်မူပါ" "ရဲရင့်သောပုဂ္ဂိုလ်များ ငြိမ်းချမ်းရေးအတွက် ပြောင်းလဲဖို့မကြောက်ကြပါ"ဟု Nelson Mendela ဆိုသည့်အတိုင်း ကျွန်ုပ်တို့သည်ငြိမ်းချမ်းရေးအတွက် ရဲရင့်သောပုဂ္ဂိုလ်များ ဖြစ်လာကြပါစေ. . . အာမင်" ဟုသည့်စာသားပါ ဗီနိုင်းပိုစတာများကိုင်ဆောင်ခဲ့ကြပြီး ကြွေးကြော်မှုတစ်စုံတစ်ရာ ပြုလုပ်ခဲ့ခြင်းမရှိပေ။

မြန်မာနိုင်ငံကို ဦးဆောင်နေသည့် နိုင်ငံတော်အကြီးအကဲများအနေဖြင့် မိမိတို့ ပြည်သူလူထု၏ ဆုတောင်းသံနှင့်အတူ စစ်မှန်သည့်ငြိမ်းချမ်းရေးဖော်ဆောင်နိုင်စေရန် မေတ္တာပို့ဆုတောင်းလျက်ရှိကြောင်း ဆရာပေါလ်တူးရော်က ပြောသည်။

မြစ်ကြီးနားသာသနာမှ ကက်သလစ်ဘာသာဝင်များက စီတန်းလှည့်လည်ပုတီးစိပ်ဆုတောင်းခြင်းကို နံနက် ၈ နာရီမှ ၁၁ နာရီအထိ ပြုလုပ်ခဲ့ကြသည်။

Salai






မြစ်ကြီးနား၊ အောင်နန်းရပ်ကွက်ရှိ စိန့်ကိုလန်ဘန်ကသီဒြယ်ဘုရားကျောင်းတွင် စုဝေးကာဆုတောင်းနေကြစဉ် ဓါတ်ပုံ - Salai















မြစ်ကြီးနားသတင်းဂျာနယ် PDF ကို
တစ်စောင် ၅၀၀ ကျပ်နှုန်းဖြင့် Online မှ မှာယူနိုင်ပြီ။
ဆက်သွယ်ရန် Email: myitkyinanewsjournal@gmail.com Call : + 95 (0) 9420085928, +95 0943170745



High Class
AKZ GROUP
AIR-CON , AIR SUSPENSION
EXPRESS
မြစ်ကြီးနား ⇌ မိုးကောင်း ⇌ ဟိုပင် ⇌ မိုးညှင်း ⇌ ရန်ကုန် (တိုက်ရိုက်)



BRAND NEW
SCANIA ( 2+1 ) VIP
ရန်ကုန်မှ ညနေ (၅)နာရီ
မြစ်ကြီးနားမှ နေ့လည်(၁)နာရီ
နံနက်(၁၀)နာရီ ( 2+2)ကား ၊ နံနက်(၁၁)နာရီ VIP(1+1) ကားများအပြင်
အဲယားကွန်း၊လေအိတ် SCANIA MARCOPOLO ကားသစ်ကြီးများဖြင့် နေ့စဉ်ထပ်မံတိုးချဲ့ပြေးဆွဲနေပါပြီ။
မြစ်ကြီးနား - 0930242433, 09253186611,0949213323 ၊ ရန်ကုန် - 09420225777,09 420225888, 09793211170, 09793211180

**မြစ်ကြီးနားသတင်းဂျာနယ်**

**အမှုဆောင်အရာရှိချုပ်**
ဘရန်မိုင်၊ ဇော်ခွန်း

**တာဝန်ခံ အယ်ဒီတာ**
ဆိုင်းမိုင်

**အယ်ဒီတာ**
ဇော်နိုင်ဦး

**သတင်းထောက်**
Salai၊ စည်သူ၊ မွန်းမွန်းပန်၊ အက်စတာ၊ ဆိုင်းလတ်အောင်၊ ဆန်လတ်၊ ခေါင်ဒေါင်နုတ်

**နယ်သတင်းထောက်**
သန်းထွန်းအောင်၊

**ကွန်ပျူတာစာစီ**
ဝေဝေအောင်

**ဂရပ်ဖစ်ဒီဇိုင်း၊ သတင်းစာဒီဇိုင်း**
La Tawng၊

**မြစ်ကြီးနားရုံးတာဝန်ခံ**
နိုနိုထက်နိုင်

**မိုးညှင်းရုံးတာဝန်ခံ**
နန်ဂျာ

**စာရင်းကိုင်**
နန်အောင်၊ ဘောက်နူးဂျာ

**စီးပွားရေးတာဝန်ခံ**
အိဇင်ဖြိုး၊ ဂျာစင်

**ဖြန့်ချိရေးတာဝန်ခံ**
ဇော်ထုံ

**တန်ဖိုး**
၅၀၀ ကျပ်

**ဖလင်**
KING

**ထုတ်ဝေသူ**
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

**ပုံနှိပ်တိုက်**
ရွှေကျား (၀၀၅၇၁)

**ဆက်သွယ်ရန်**
အမှတ်(၁၆၄)၊ အင်ဂျန်ဒုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၁၅
၀၉ - ၂၅၆၃၆၀၂၇၄
၀၉ - ၄၂၀၀၈၅၉၂၈
www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။ မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ငွေကြေးသော်လည်းကောင်း၊ တံစိုးလက်ဆောင်သော်လည်းကောင်း၊ လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။ မြစ်ကြီးနားသတင်းဂျာနယ် ရင်ထိုးတပ်ဆင်ထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။

# ကချင်လူထုအခြေပြုမူးယစ်တိုက်ဖျက်ရေးစုပေါင်းအဖွဲ့ကကျပ်သိန်းရှစ်ရာကျော် တန်ဖိုးရှိ ဘိန်းဖြူများဖမ်းဆီး

မြစ်ကြီးနား၊ မေ ၂၈

ချန်းမူးလူငယ်များနှင့် ကချင်လူထုအခြေပြုမူးယစ်ဆေးဝါးဖမ်းဆီးရေးစုပေါင်းအဖွဲ့က မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်တွင်အမျိုးသမီးတစ်ဦးထံမှ ကျပ်သိန်း ၈၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၁၀၀ ဂရမ်ကျော်ခန့်ကို မေလ ၂၇ ရက်က ဖမ်းဆီးလိုက်ကြောင်း သိရသည်။

အဆိုပါဘိန်းဖြူများကို သယ်ဆောင်လာကြောင်း သတင်းရရှိသည့်အတွက် စီတာပူရပ်ကွက် မနောင်ကွင်းနှင့် မနောမြေ တည်းခိုခန်းရှေ့ရှိ လမ်းတွင် စောင့်ဆိုင်းဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ကချင်လူထုအခြေပြု မူးယစ်ဆေးဝါးဖမ်းဆီးရေးစုပေါင်းအဖွဲ့ထံမှ သိရသည်။

ထိုမူးယစ်ဆေးဝါးများ လက်ဝယ်ပိုင်ဆိုင်သူ ခတ်ချိုကျေးရွာတွင်နေထိုင်သည့် အသက် ၄၁ နှစ်အရွယ် အမျိုးသမီးကို မြို့မရဲစခန်းသို့အပ်နှံကာအမှုဖွင့်အရေးယူထားကြောင်းသိရသည်။

"ဒီနှစ်ပိုင်းမှာတော့ ကချင်လူထုအခြေပြုမူးယစ်ဆေးဝါးဖမ်းဆီးရေးအဖွဲ့က ဖမ်းဆီးပေးတာတော့မရှိပါဘူး။ ပထမဆုံး အကြိမ်အခုလိုဖမ်းဆီးကူညီတာဖြစ်ပါတယ်"ဟု မြို့မရဲစခန်းမှ မှုခင်းဌာနစိတ်တာဝန်ခံ(ဂတ်စာရေး) တပ်ကြပ်သက်နိုင်ကပြောသည်။

အဆိုပါအမျိုးသမီး ထံမှ တွေ့ရှိသည့် ဘိန်းဖြူမှုန့်အလေးချိန် စုစုပေါင်း ၁၀၂ ဒသမ ၅ ဂရမ်နှင့်အတူ မူးယစ်ဆေးဝါးရောင်းချငွေဟုယူဆရသည့် ငွေကျပ် ၂၈၀၀၀ တို့ကို မြို့မရဲစခန်းသို့အပ်နှံခဲ့ရာ ရဲစခန်းကမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ-၁၉(က)/၂၀(က)တို့ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိသည့်အမျိုးသမီးကိုတစ်စုံတစ်ရာပြောဆိုရန် မြစ်ကြီးနားသတင်းဂျာနယ်က မေးမြန်းခဲ့သော်လည်း ဖြေကြားခဲ့ခြင်း မရှိခဲ့ပါ။

အဆိုပါကချင်လူထုအခြေပြု မူးယစ်ဆေးဝါးဖမ်းဆီးရေးစုပေါင်းအဖွဲ့သည် မူးယစ်ဖမ်းဆီးမှုများကို နေ့စဉ်ပြုလုပ်နေပြီး ယခုအကြိမ်ဖမ်းဆီးရမိမှုသည် ယခုနှစ်အတွင်း အများဆုံးရမိမှုဖြစ်ကြောင်း ယင်းအဖွဲ့ထံမှ သိရသည်။

မွန်းမွန်းပန်

# ကျားမတန်းတူညီမျှရေးဆောင်ရွက်ရာတွင် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းပါဝင်ရေး စီမံကိန်းမိတ်ဆက်




မြစ်ကြီးနား၊ မေ ၂၉

မြန်မာနိုင်ငံအတွင်း ကျား၊မရေးရာ တန်းတူညီမျှမှုရှိရန်အတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးတွင် ပါဝင်သူများပူးပေါင်းဆောင်ရွက်နိုင်ရေး စီမံကိန်းမိတ်ဆက်ခြင်း အခမ်းအနားကို မေလ ၂၉ ရက်က ကချင်ပြည် နယ်လွှတ်တော်ရုံးခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားကို ကျား၊ မရေးရာတန်းတူညီမျှရေးကွန်ရက်မှ ဦးဆောင်ပြုလုပ်ခဲ့ပြီး ယင်းစီမံကိန်းသည် ၂၀၁၈ ခု နှစ် ဖေဖော်ဝါရီလမှ ၂၀၂၁ ခုနှစ် ဇန်နဝါရီလအထိ ၃ နှစ်ကြာမြင့်မည်ဖြစ်ကာ ဥရောပသမဂ္ဂမှပံ့ပိုးသည့် စီမံချက်လျာထား ငွေပမာဏ ယူရို နှစ်သန်းဖြင့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဦးတည်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်သူများ၏ စွမ်းဆောင်ရည်နှင့် ကျား၊မရေးရာ တန်းတူညီမျှရေးကို မြှင့်တင်ပေးခြင်းဖြင့် ကောင်းမွန်သော အုပ်ချုပ်စီမံမှုနှင့် ဖွံ့ဖြိုးရေးဖြစ်စဉ်တွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးတွင် ပါဝင်သူများ ပူးပေါင်းပါဝင်မှု အားကောင်းတိုးတက်လာစေရန် ရည်ရွယ်ကြောင်း သိရသည်။

ယင်းစီမံကိန်းကိုအကောင်အထည်ဖော်ရာတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့်ကွန်ရက် ၁၅၀ တို့၏ စွမ်းဆောင်ရည်ကို စစ်တမ်းကောက်ယူပြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးရေး လှုပ်ရှားမှုများတွင် အရပ်ဘက်အဖွဲ့ ၄၈ဖွဲ့ ပါဝင်ရန်ဖော်ထုတ်သတ်မှတ်မည်ဖြစ်ပြီး ကျား၊မရေးရာတန်းတူညီမျှရေး ကွန်ရက်သည် ၎င်း၏ရည်ရွယ်ချက်ပန်းတိုင်ကိုရရှိစေရန် အဖွဲ့ဝင်များကို ပိုမိုစွမ်းဆောင်ရည်မြှင့်တင်ပေးရေး၊ သင်တန်းများစီစဉ်ဆောင်ရွက်ပေးခြင်း၊ ငွေကြေးထောက်ပံ့ခြင်း၊ စာတမ်းများ ထုတ်ဝေခြင်းနှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းလုပ်ငန်းများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ချိတ်ဆက်ပေးခြင်းအပြင် ကျား၊မ အရင်းအမြစ်စင်တာ တည်ထောင်ခြင်းတို့ကို အဓိကလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ လုပ်ဆောင်ပြီးနောက် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်များဖြစ်ကြသော ရုံးတွင်း ခေါင်းဆောင်မှု၊ စီမံခန့်ခွဲမှု၊ စီမံအုပ်ချုပ်မှုများ တိုးတက်လာရန်၊ ဒေသဆိုင်ရာနှင့် နိုင်ငံတော်အဆင့် ဆုံးဖြတ်ချက်ချမှတ်မှုတွင် ပါဝင်ရန်အတွက် ဗဟုသုတ၊ စွမ်းဆောင်ရည်နှင့်ခေါင်းဆောင်မှုအရည်အသွေးများတိုးတက်ရန်၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးတွင် ပါဝင်သူများမှ တာဝန်ခံမှုရှိစေရန် ဦးတည်အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ဦးစီးဆောင်ရွက်လာရန်နှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးတွင် ပါဝင်သူများ အကြားစေ့စပ် ညှိနှိုင်းဆောင်ရွက်မှု အခြေအနေတိုးတက်လာရန် စသည့်အချက်များကို ယင်းအဖွဲ့မှ မျှော်လင့်ထားကြောင်း သိရသည်။

အဆိုပါကွန်ရက်က ၂၀၁၃ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ဆယ်နှစ်တာစီမံကိန်း အဖြစ်လည်း အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းကို စာအုပ်ထုတ်ဝေထားပြီး ယင်းစာအုပ်ထဲတွင် အမျိုးသမီးများနှင့် အသက်မွေးဝမ်းကျောင်းမှု၊ ပညာရေး၊ လေ့ကျင့်သင်ကြားရေး၊ ကျန်းမာရေး၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၊ အမျိုးသမီးများနှင့် အရေးပေါ်အခြေအနေများ၊ စီးပွားရေး၊ ဆုံးဖြတ်ချက်ချမှတ်ရေး၊ အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းယန္တရားများ၊ လူ့အခွင့်အရေး၊ မီဒီယာ၊ သဘာဝပတ်ဝန်းကျင်၊ အမျိုးသမီးငယ်ရွယ်များ ရပိုင်ခွင့်တိုးမြှင့်ပေးရန် စသည့်အချက်များကိုအသေးစိတ်ထည့်သွင်းဖော်ပြထားကြောင်း သိရသည်။

ယင်းစီမံကိန်းစာအုပ်ကို ထုတ်ဝေရခြင်းမှာ မြန်မာနိုင်ငံရှိ အမျိုးသမီးအားလုံးသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှုဖြင့် စွမ်းဆောင်ရည်မြင့်မားလာပြီး ၎င်းတို့၏ အခွင့်အရေးရပိုင်ခွင့်များကို အပြည့်အဝခံစားရရှိနိုင်စေရန်နှင့် အမျိုးသမီးတို့ဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ကျား၊မရေးရာ တန်းတူညီမျှရေးနှင့် အမျိုးသမီးများ၏ အခွင့်အရေးများကိုအသိအမှတ်ပြုနားလည်လက်ခံနိုင်စေမည့် စနစ်များ၊ ဖွဲ့စည်းပုံများနှင့် လုပ်ထုံးလုပ်နည်းများကို အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း သိရသည်။

မွန်းမွန်းပန်၊ ခေါင်နုတ်

## မွေးမြူရေးကဏ္ဍမှ ၉ ရာခိုင်နှုန်းထောက်ပံ့

မြန်မာနိုင်ငံ GDP ရဲ့ ၉ ရာခိုင်နှုန်းကို မွေးမြူရေးနဲ့ ရေလုပ်ငန်းကဏ္ဍကနေ ထောက်ပံ့ပေးနေတာဖြစ်ပြီး မွေးမြူရေးလုပ်ငန်းတွေရဲ့ ၉၉ ရာခိုင်နှုန်းက ပုဂ္ဂလိကကဏ္ဍကနေဖြစ်ပါတယ်။ ၂၀၁၆-၁၇ ခုနှစ်အထိ မြန်မာနိုင်ငံမှာ ကျွဲကောင်ရေ ၃ ဒသမ ၇၉၄ သန်း၊ နွားကောင်ရေ ၁၇ ဒသမ ၀၃၅၊ ဝက်ကောင်ရေ ၁၇ ဒသမ ၆၄၈ သန်း၊ ကြက်ကောင်ရေ ၃၁၈ ဒသမ ၉၅၇ သန်းရှိပါတယ်။

**Credit ; Banda Post**

# လူမှုရေးဝန်ကြီးကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သတိပေး

မြစ်ကြီးနား၊ မေ ၂၉


လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင် ဓါတ်ပုံ - Salai

လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများကိုဖြေကြားရာတွင် အချက်အလက်နှင့်တိကျစွာပြန်လည်ဖြေဆိုရန် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးထွန်းတင်က လူမှုရေးဝန်ကြီးဒေါက်တာသင်းလွင်ကို မေလ ၂၅ ရက်လွှတ်တော်အစည်းအဝေးတွင် သတိပေးပြောဆိုခဲ့သည်။

ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ၁၂ ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)က နောင်မွန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ကိုယ်စားလှယ် ဦးချန်တန်ခင်က နယ်စပ်ဒေသရှိဘွဲ့ရလူငယ်များအလုပ်အကိုင်ရရှိရေးနှင့်ပတ်သက်ပြီး မေးမြန်းသောမေးခွန်းသုံးခုအနက်မှ တစ်ခုကိုလူမှုရေးဝန်ကြီးကပြန်လည်ဖြေကြားရာတွင် ပြည့်စုံစွာဖြေကြားခြင်းမရှိဘဲ သိလိုသည့်အချက်အလက်များကို သက်ဆိုင်ရာဌာနဆိုင်ရာရုံးများတွင် တောင်းခံရန် ပြန်လည်ဖြေကြားခဲ့သဖြင့် ထိုသို့သတိပေးခဲ့ခြင်းဖြစ်သည်။

ဦးချန်တန်ခင်က နယ်စပ်ဒေသရှိ တက္ကသိုလ်ဝင်တန်းအောင်(သို့)ဘွဲ့ရဒေသခံ လူငယ်များကို ၎င်းတို့နေထိုင်ရာမြို့နယ်မှ ဌာနဆိုင်ရာများ၏ လစ်လပ်နေရာများတွင် ခန့်ထားပေးနိုင်ခြင်းရှိ/မရှိ၊ နောင်မွန်းမြို့နယ်ရှိ ရုံးစိုက်သည့်နေရာများတွင် အောက်ခြေအမှုထမ်းလစ်လပ်နေရာ မည်မျှရှိပါသလဲ၊ ရှိပါကဌာနတစ်ခုချင်းစီအလိုက် သိလိုကြောင်း၊ လစ်လပ်နေရာရှိပါက အဆိုပါနေရာများတွင် ဒေသခံဘွဲ့ရများ (သို့) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများကို အထူးကိစ္စရပ်အဖြစ် ခန့်အပ်ပေးနိုင်ခြင်းရှိ/မရှိ မေးခွန်းများ မေးမြန်းခဲ့သည့်အပေါ် လူမှုရေးဝန်ကြီးက နယ်စပ်ဒေသတိုင်းရင်းသာလူမျိုးများ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရန် သင်တန်းကျောင်းများတွင် သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှုရှိပါက လာရောက်သင်ကြားနိုင်ကြောင်း၊ ဌာနတစ်ခုချင်းစီ၏ လစ်လပ်နေရာများကို သိရှိလိုလျှင် သက်ဆိုင်ရာဌာနများတွင် မေးမြန်းရန်ပြန်လည် ဖြေကြားခဲ့ခြင်းဖြစ်သည်။

လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်သို့ မေးမြန်းမည့်မေးခွန်းများကို ဆယ်ရက်ခန့် ကြိုတင်တင်ပြထားသည်ဖြစ်၍ ဖြေကြားမည့်ဝန်ကြီးဌာနများအနေဖြင့် ပြည့်စုံစွာဖြေကြားပေးရန်လိုသည်ဟု လွှတ်တော်ဥက္ကဋ္ဌက သတိပေးပြောကြားခဲ့သည်။

"လွှတ်တော်ကိုယ်စားလှယ်မေးမြန်းထားတာ ဌာနတစ်ခုချင်းအလိုက် လစ်လပ်သောနေရာတွေ သိရှိလိုတယ်။ ကျွန်တော်တို့ ဒေသခံတိုင်းရင်းသာတွေ ခန့်ပေးနိုင်မလား။ ဒါကြောင့်မို့လို့ ဝန်ကြီးအနေနဲ့ဆိုရင်လည်း အစိုးရအဖွဲ့ဝင်တစ်ယောက် ဖြစ်တာနဲ့ အညီ ဒီအစိုးရအဖွဲ့မှာ တာဝန်ခံတဲ့ ဝန်ကြီးတစ်ပါးလည်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နောင်တစ်ချိန်မှာမေးလာတဲ့မေးခွန်းတွေနဲ့ပတ်သက်ပြီးတော့ ဝန်ကြီးဌာနအချိန်လည်း ပေးထားပါတယ်။ DATA တွေကို တိတိကျကျ စုဆောင်းပြီးမှ သာလျှင်လွှတ်တော်ထဲမှာလာရောက်သင့်ပါတယ်"ဟု လွှတ်တော်ဥက္ကဋ္ဌက ပြောကြားခဲ့သည်။

ကျန်မေးခွန်းများကိုမူ ပညာရေးဌာနအနေဖြင့် လစ်လပ်ဝန်ထမ်းနေရာများ ခန့်ထားခြင်းလုပ်ငန်းများကို အခြေခံပညာဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နောင်မွန်းမြို့နယ်ပညာရေးဌာတွင် အောက်ခြေဝန်ထမ်းတစ်ဦး၊ သန့်ရှင်းရေးတစ်ဦး၊ အထွေထွေလုပ်သားများ အစရှိသည်တို့ လစ်လပ်လျက်ရှိနေပါကြောင်း၊ ဘွဲ့ရ (သို့) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများအားအထူးကိစ္စရပ်များအတွက် ခန့်အပ်ထားနိုင်ရေး မြို့နယ်ပညာရေးမှူးရုံးမှတစ်ဆင့် ပြည်နယ်ပညာရေးမှူးရုံးသို့ တင်ပြလာပါက အခြေခံပညာဦးစီးဌာနသို့ ဆက်လက်တင်ပြပေးမည်ဖြစ်ကြောင်း ဖြေကြားခဲ့သည်။

ဒုတိယအကြိမ် ကချင်ပြည်နယ် ၁၂ ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို မေလ ၂၄ ရက် (ပထမနေ့)နေ့မှစတင်ပြီး မေလ ၃၀ ရက်နေ့အထိ ငါးရက်ကြာ ပြုလုပ်ကျင်းပခဲ့သည်။

စည်သူ(မြစ်ကြီးနား)

# လိုင်စင်မဲ့ကား စာရင်းကောက်နေခြင်းမှာ ဖမ်းဆီးရန်အတွက်မဟုတ်ဟု မြို့နယ်အုပ်ချုပ်ရေးမှူးပြော

မြစ်ကြီးနား၊ မေ ၂၈

မြစ်ကြီးနားမြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ယာဉ်များ စာရင်းကောက်ယူနေခြင်းမှာ ဖမ်းဆီးရန်မဟုတ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးဦးသန်းဝင်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

မြို့နယ်အတွင်း လမ်းချဲ့ခြင်း၊ လမ်းပြုပြင်ခြင်းများ ဆောင်ရွက်နေသည့်အတွက် ယာဉ်အစီးရေနှင့် လမ်းအချိုးအစား ချိန်ဆတွက်ချက်နိုင်ရန် စစ်တမ်းကောက်ယူနေခြင်းဖြစ်သည်ဟု ဦးသန်းဝင်းက ပြောသည်။

"လမ်းတွေချဲ့တိုင်းမှာ ကားတွေက ကြပ်တယ်လေ။ ကြပ်တဲ့နေရာမှာ Without(လိုင်စင်မဲ့) ကားတွေက များတယ်လေ။ မြစ်ကြီးနားထဲကို ဘယ်လိုတွေဝင်နေလဲ၊ အစီးရေဘယ်လောက်ရှိလဲဆိုတာ ကောက်တာပါ။ ဖမ်းမယ်ဆိုရင် ကောက်စရာမှ မလိုတာ။ ဒီအတိုင်းဖမ်းလိုက်ရင် ရနေပြီပဲ"ဟု ဦးသန်းဝင်းက ပြောသည်။

ထို့အပြင် လိုင်စင်မဲ့ကားအစီးရေကောက်ခံရခြင်းမှာ အထက်ဌာနများမှ စာရင်းတောင်းခံလာသည့်အခါ တင်ပြနိုင်ရန် ရည်ရွယ်ခြင်းလည်းဖြစ်ကြောင်း အုပ်ချုပ်ရေးမှူးကဆက်လက်ပြောကြားသည်။

"Without(လိုင်စင်မဲ့) စီးတဲ့သူတွေကတော့ ဒီလိုပဲထင်ကြမှာပဲလေ။ အခုလုပ်တာကလည်း မြို့နယ်ထဲမှာ ခန့်မှန်းအစီးရေ ဘယ်လောက်ရှိသလဲလို့ ပြောလို့ရအောင်လို့ပါ" ဟုလည်း မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၏ရည်ရွယ်ချက်ကို ပြောသည်။

ကချင်ပြည်နယ်တွင် လိုင်စင်မဲ့ကားအစီးရေ တစ်သိန်းကျော်ခန့်ရှိကြောင်း သတင်းမီဒီယာအချို့တွင် ရေးသားဖော်ပြကြပြီး ယာဉ်ထိန်းအရာရှိတစ်ဦး၏ပြောကြားချက်အရ ကချင်ပြည်နယ်ရှိကားဆယ်စီးတွင် ကိုးစီးခန့်မှာ လိုင်စင်မဲ့ကားများဖြစ်သည်ဟုဆိုသည်။

ယင်းစီမံချက်ကို ယခုမေလအကုန်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၀၃ ခုနှစ် စစ်အစိုးရလက်ထက်က ကချင်ပြည်နယ်အတွင်းမှ လိုင်စင်မဲ့ကားအစီးရေနှစ်ထောင်ခန့်ကို ဖမ်းဆီးထိန်းသိမ်းခဲ့ဖူးကြောင်း သိရသည်။

စည်သူ(မြစ်ကြီးနား)

# Editorial
## အယ်ဒီတာ့အာဘော်

### မညီမျှတဲ့ အိမ်နီးချင်း အခွင့်အရေး

အိမ်နီးချင်းတရုတ်နိုင်ငံက စီးပွားရေးသမားတွေရဲ့ မြန်မာနိုင်ငံထဲဝင်ပြီး စီးပွားရေးအမြတ်ထုတ်မှုတွေက တစ်နှစ်တစ်မျိုး မရိုးနိုင်အောင်ပါပဲ။ နယ်နိမိတ်ချင်းထိစပ်နေတဲ့ ကချင်ပြည်နယ်ထဲဝင်ပြီး ရွှေ၊ သစ်၊ ကျောက်စိမ်းနဲ့ဘိန်းကဲ့သို့ မှောင်ခိုစီးပွားရေးလုပ်ငန်းတွေမှာ သူတို့မပါဝင် မပတ်သက်တဲ့ စီးပွားရေးလုပ်ငန်းဆိုတာ မရှိသလောက် ဖြစ်နေပါပြီ။

ပြီးခဲ့တဲ့နှစ်တွေတုန်းက မြန်မာ-တရုတ်နယ်စပ် ဆဒုံးနယ်မှာ လူပေါင်းရာနဲ့ချီ သစ်ဝင်ခိုးတဲ့အခါ ထောင်ဒဏ်တစ်သက်တစ်ကျွန်းချပြီး ၈ ရက်ချပ်ပြန်လွှတ်ခဲ့တော့ အခုတစ်ခါ ဖမ်းထားတဲ့ သစ်တန်ချိန် တစ်ထောင်ကျော်ကို ဝင်ခိုးပြန်ပါပြီ။

ဒီကိစ္စမှာ လူတွင်ပါလို့ နွားကိုကျားကိုက်တယ်လို့ ဆိုနိုင်ပေမယ့် ပျော့ညံ့လွန်းတဲ့ မြန်မာ့နိုင်ငံတကာ ဆက်ဆံရေးမူဝါဒတွေက သူတို့ကို အကြိမ်ကြိမ်ကျူးလွန်အောင် လမ်းဖွင့်ပေးနေခြင်းဖြစ်တယ်လို့ မြစ်ကြီးနားသတင်းဂျာနယ်က ယူဆပါတယ်။

ချီဖွေဆော့လော်နယ်မှာ ဖမ်းဆီးထားတဲ့ သစ်တန်ချိန် ၁၃၀၀ လောက်ကို ဝင်ပြီးခိုးရလောက်အောင် ရဲတင်းလွန်းတဲ့သတ္တိက မြန်မာအစိုးရက အမှန်တကယ် ထောင်ဒဏ်မချမှတ်ခဲ့လို့ပါ။ မြန်မာအစိုးရက လွှန်ခဲ့တဲ့နှစ်ပေါင်း ၂၀ လောက်ကတည်းက ဖမ်းပြီးပြန်လွှတ်ပေးနေလို့သာ ဒီလိုအတင့်ရဲတဲ့ဖြစ်စဉ်တွေ အကြိမ်ကြိမ်ဖြစ်နေတာပါ။ နောက်ထပ်လည်းဖြစ်နေဦးမှာပါပဲ။

သူတို့ရဲ့ နိုင်ငံကျော်ပြစ်မှုကျူးလွန်မှုတွေက ဒီ့မတိုင်ခင် ဆယ်စုနှစ် ၂ ခုစာလောက်ကတည်းက ရှိခဲ့တာဖြစ်ပြီး ရာနဲ့ချီတဲ့ လူအုပ်ကြီးတွေနဲ့ ကချင်ပြည်နယ်ထဲမှာ ရွှေခိုးတူးခဲ့ကြတာတွေ၊ သစ်ခိုးခုတ်ခဲ့ကြတာတွေ လုပ်ခဲ့ကြတာပါ။

၂၀၀၀ ခုနှစ်တွေလောက်တုန်းက မိုးမောက်မြို့နယ်၊ မြို့သစ်နယ်ထဲမှာ တရုတ်ပြည်ဘက်ကနေ လမ်းဖောက်ဝင်လာပြီးတော့ ခိုးခဲ့တယ်။ ဗန်းမော်မြို့နယ်၊ မြစေတီရွာဘက်ကနေ မိုးလဲချောင်းအတိုင်း ခိုးတယ်။ မြစ်ကြီးနားမြို့နယ်၊ ဆင်ဘို၊ တာလောကြီးကနေ လိုင်ဇာဘက်ကို ဖြတ်ပြီးသယ်တယ်။ ခေါင်လန်ဖူးဘက်မှာ ရှားမူလို့ခေါ်တဲ့ သစ်တွေကို ခိုးတယ်၊ ဝိုင်းမော်မြို့နယ်ထဲမှာ ရွှေခိုးကျင်တယ်။ ကချင်ပြည်နယ်ဒေသ အနှံ့အပြားမှာပါပဲ။ ဒါတောင် တရားဝင်နေထိုင်ခွင့်မရှိဘဲ ဝင်လုပ်နေတဲ့ စီးပွားရေးလုပ်ငန်းတွေ မပါသေးပါဘူး။

သူတို့နိုင်ငံထဲမှာ မြန်မာနိုင်ငံသားတွေ (သူတို့လို ပြစ်မှုကြီးကြီးမားမားကျူးလွန်တာ မဟုတ်ဘဲ) သာမန်အမှုလောက်ကို သူတို့နိုင်ငံသားတွေနဲ့ မတူတဲ့ပြစ်ဒဏ်တွေခံနေရပါတယ်။ သူတို့နိုင်ငံသားအချင်းချင်းအတွက် ပထမ၊ ဒုတိယ၊ တတိယအကြိမ် သတိပေးချက်တွေရှိပေမယ့် သူတို့နိုင်ငံမှာ မြန်မာနိုင်ငံသားတွေကို ဖမ်းမိရင် အစစ်ဆေးအမေးအမြန်းမရှိ ထောင်ဒဏ် ၁၈ လကျခံနေကြရပါတယ်။ ဒါတင်မဟုတ်ဘဲ ထောင်ထဲရောက်ရင်လည်း အလုပ်ချိန် ၈ နာရီအပြည့် အလုပ်လုပ်ကြရပြန်ပါသေးတယ်။

မြန်မာနိုင်ငံကတော့ ကိုယ့်နိုင်ငံထဲဝင်ပြီး သူတို့ဘာပဲလုပ်လုပ် ဖမ်းဆီး၊ ဟန်ပြထောင်ချပြီးတာနဲ့ နယ်စပ်ဂိတ်အရောက် ပြန်ပို့ပေးနေရတာ ရင်နာစရာကောင်းလွန်းလှပါတယ်။

ဒီလိုကွာခြားနေတာတွေကို ချိန်ညှိဖို့ ဘယ်လွှတ်တော်မှာမှ ကြိုးစားခဲ့တာမရှိတော့ တရုတ်နိုင်ငံကို အမှီပြုနေရတဲ့ ထောင်သောင်းချီသော စီးပွားရေးသမားတွေရဲ့ဘဝဟာ လုံခြုံမှုမရှိဘဲ သွားလာနေရပြီး မြန်မာနိုင်ငံမှာရှိတဲ့ နယ်ပယ်အသီးသီးက ဒေသခံတွေမှာလည်း ငွေနဲ့ချယ်လှယ်မှုကို ခံနေကြရတာပါ။

အခုမူ အတိုင်းရှေ့ဆက်သွားနေဦးမယ်ဆိုရင်တော့ သူဌေးမင်းက ဆင်းရဲသားအိမ်ဦးခန်းမှာ ဖိနပ်စီးတဲ့ အဆင့်ထက်ကျော်လွန်ပြီး မစင်စွန့်တဲ့အဆင့်ရောက်လာမှာ အသေအချာပါပဲ။

မြစ်ကြီးနားသတင်းဂျာနယ်

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
(ဇွန် ၁ - ဇွန် ၇၊ ၂၀၁၈)

# သက်ငယ်မုဒိမ်းမှုများ ပြစ်ဒဏ်တိုးမြှင့်ရေးအဆိုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ထက်ဝက်ကျော် ထောက်ခံအတည်ပြု

မြစ်ကြီးနား၊ မေ ၂၅



မိုးကောင်းလွှတ်တော်ကိုယ်စားလှယ် ဒေါ်မြသွေးစံအဆိုတင်သွင်းနေစဉ် ဓာတ်ပုံ – ခေါင်နတ်

သက်ငယ်မုဒိန်းမှုကျူးလွန်သူများကို သေဒဏ်(သို့)ကြီးလေးသောပြစ်ဒဏ် ချမှတ်နိုင်ရေးတိုက်တွန်းကြောင်း အဆိုတစ်ရပ်ကို ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် မိုးကောင်းလွှတ်တော်ကိုယ်စားလှယ်ဒေါ်မြသွေးစံက တင်သွင်းခဲ့ရာ ယင်းအဆိုကို ပြည်ထောင်စုအဆင့်တွင် ဆက်လက်တင်သွင်းရန် လွှတ်တော်က သဘောတူအတည်ပြုခဲ့ကြသည်။

မေလ ၂၄ ရက်ကပြန်လည်ကျင်းပသော ဒုတိယအကြိမ်ပြည်နယ်လွှတ်တော်၏ ၁၂ ကြိမ်မြောက်ပုံမှန်အစည်းအဝေး(ပထမနေ့)တွင် အဆိုတင်သွင်းခဲ့ခြင်းဖြစ်ပြီး "မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော သက်ငယ်မုဒိန်းမှုများ လျော့ကျစေရန်ကြီးလေးသောပြစ်ဒဏ်ဖြစ်သည့် သေဒဏ်ချမှတ်ပေးနိုင်ရေးနှင့် ပညာပေးမှုအစီအစဉ်များ အမြန်ဆုံးဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း"အဆိုကို တင်သွင်းခဲ့ခြင်းဖြစ်သည်။

အဆိုကို လွှတ်တော်တွင် ဆွေးနွေးရေး/မဆွေးနွေးရေး မဲခွဲဆုံးဖြတ်ရာ ဆန္ဒမဲပေးခွင့်ရှိသူ ကိုယ်စားလှယ် ၅၃ ဦးအနက် ၂၅ ရာခိုင်နှုန်းကျော်က ပြည်နယ်လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိလိုကြသော်လည်း ကျန် ၇၂ ရာခိုင်နှုန်း(၃၈ ဦး)က ထောက်ခံဆန္ဒပြုခဲ့ကြသဖြင့်အဆိုကို အတည်ပြုခဲ့ခြင်းဖြစ်သည်။

အဆိုရှင်က သက်ငယ်မုဒိမ်းမှုဖြင့် ပြစ်ဒဏ်ချမှတ်မည်ဆိုလျှင် သတ်မှတ်ထောင်ဒဏ်နှစ်ပြည့်ချမှတ်ရေး၊ ပြစ်ဒဏ်ချမှတ်ပြီးနောက် ထောင်အတွင်းတွင်လည်း လျှော့ရက်မပေးရေး၊ လွတ်ငြိမ်းသက်သာခွင့်များတွင်လည်း လျှော့ရက်မပေးရေးတို့အတွက် တင်သွင်းခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်ဒေါ်ခေါ်မာဝူနှင့်ဒေါ်ဂျာဆိုင်းခေါန်တို့က ထောက်ခံဆွေးနွေးခဲ့ကြသည်။

"မုဒိမ်းမှုမှာ ပြုကျင့်ခံရတဲ့ ကလေးငယ် သေဆုံးသွားမှသာလျှင် သေဒဏ်ကျခံရန် ဥပဒေပြဋ္ဌာန်းထားတာကို တွေ့ရှိရပါတယ်။ ဒ့ါအပြင် မုဒိမ်းမှုကျူးလွန်သူကို အမြင့်ဆုံးထောင်ဒဏ် အနှစ်နှစ်ဆယ်ကျခံရန် သတ်မှတ်ထားသော်လည်း အယူခံဝင်လိုက်ရင် အမှုကလျော့နည်းသွားတာကို တွေ့ရပါတယ်။ ဒ့ါအပြင် လွတ်ငြိမ်းချမ်းသာခွင့်မှာပါဝင်သွားမည်ဆိုရင်လည်း ဆယ်နှစ်အောက်သာ ပြစ်ဒဏ်ကျခံရတာကိုလည်း တွေ့ရပါတယ်။ ပြန်လွတ်လာရင်လည်း ပြန်လည်ကျူးလွန်တာကို တွေ့ရပါတယ်"ဟု ဒေါ်မြသွေးစံက မိုးကောင်းမြို့နယ်တွင် ဖြစ်ပွားခဲ့သည့် သက်ငယ်မုဒိမ်းမှုကို ဥပမာပေးကာ ဆွေးနွေးတင်သွင်းခဲ့သည်။

ကချင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသူရမျိုးတင်က မုဒိမ်းမှုလျော့ကျစေရန်အတွက် ၂၀၁၆ ခုနှစ်မှ ယနေ့အထိ ခရိုင်အလိုက် လက်ကမ်းစာစောင်တစ်သောင်းကျော်ခန့်စီကို ဖြန့်ဝေအသိပေးခဲ့ပြီး ကချင်ပြည်နယ်အတွင်း မုဒိမ်းမှုဖြစ်ပွားရခြင်း၏ အကြောင်းအရင်းများမှာလူမှုကွန်ရက်စာ မျက်နှာများတွင်လိင်မှုကိစ္စများကို အလွယ်တကူဖော်ပြနိုင်ခြင်း၊ ကောင်းမွန်လာနေသည့် ဆက်သွယ်ရေးစနစ်များကို အသုံးပြုကာ ညစ်ညမ်းဗွီဒီယိုများနှင့် ဓါတ်ပုံများကို အွန်လိုင်းမှတစ်ဆင့် အလွယ်တကူကြည့်ရှုနိုင်ခြင်း၊ ကာမစိတ်နိုးကြွစေသည့် ဆေးဝါးများကို အလွယ်တကူရရှိနေခြင်း၊ ဆိတ်ကွယ်ရာတွင် သမီးရည်းစားချိန်းတွေ့ခြင်း၊ ယုံကြည်မှုလွန်ကဲခြင်း၊ မိန်းမသားများ အရက်သေစာသောက်စားခြင်း၊ နေ့ည အချိန်အခါမရွေး တစ်ဦးတည်းသွားလာခြင်း၊ အုပ်ထိန်းသူမရှိဘဲ အိမ်တွင် တစ်ဦးတည်းရှိနေခြင်း၊ နေထိုင်မှုအဆင့်အတန်းနိမ့်ကျခြင်းနှင့် အသိပညာနည်းပါးခြင်းတို့ကြောင့် ဖြစ်သည်ကို လေ့လာတွေ့ရှိခဲ့ရကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

မေလ ၂၅ ရက်နေ့က နေပြည်တော်တွင်ကျင်းပခဲ့သော ပြည်ထောင်စုအစည်းအဝေးနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များတွင်လည်း သက်ငယ်မုဒိမ်းမှုများ သေဒဏ်ပေးရေးအဆိုများကိုတင်သွင်းခဲ့ကြရာ အဆိုကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးသာဋ္ဌေးက ပြန်လည်ဖြေကြားရာ၌ အမှုများတွင် သားမယားပြုကျင့်ခံရသူသည် ကလေးသူငယ်ဖြစ်စေ၊ အရွယ်ရောက်ပြီးသူဖြစ်စေ သားမယားပြုကျင့်ပြီးသတ်ဖြတ်ခံရပါက တရားခံကို ရာဇသတ်ကြီးပုဒ်မ ၃၀၂(၁)(ဃ)အရ သေဒဏ်မှအပ အခြားပြစ်ဒဏ်ချမှတ်နိုင်ခြင်းမရှိသဖြင့် သေဒဏ်မလွဲမသွေစီရင်ရမည်ဟု ဆိုသည်။

သို့သော် မြန်မာနိုင်ငံတွင် ယင်းပုဒ်မဖြင့် တရားစီရင်မှုမရှိခဲ့သေးပေ။ ၂၀၁၈ ခုနှစ်အတွင်း ပြစ်ဒဏ်ချမှတ်ခဲ့သော သက်ငယ်မုဒိမ်းမှုကျူးလွန်သူ ၄၆ ဦးအနက် တစ်ဦးကို သေဒဏ်ချမှတ်ခဲ့ကြောင်း ဒီမိုကရက်တစ်ဗမာ့အသံသတင်းဌာနတွင်ဖော်ပြထားပြီး ကချင်ပြည်နယ်တွင် ၂၀၁၆ ခုနှစ်မှ ၂၀၁၈ဧပြီလအထိသက်ငယ်မုဒိန်းမှုပေါင်း ၄၂ မှုဖြစ်ပွားခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှ သိရသည်။

စည်သူ(မြစ်ကြီးနား)

# တရုတ်ရေအားလျှပ်စစ်ကုမ္ပဏီက အောင်မြင်သာနှင့်မလိယန်ရွာများအတွက် လူမှုကူညီရေးသုံးကားလှူ

မြစ်ကြီးနား၊ မေ ၂၉




မြစ်ဆုံဆည်စီမံကိန်းကြောင့် ပြောင်းရွှေ့ခံခဲ့ရသောကျေးရွာများဖြစ်သည့် အောင်မြင်သာနှင့် မလိယန်ကျေးရွာများအား ACHC ကုမ္ပဏီမှ မေလ ၂၉ ရက်တွင် ကျပ်သိန်း ၃၀၀ ခန့်တန်သောလူမှုကူညီရေးကားများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မလိယန်နှင့် အောင်မြင်သာစံပြကျေးရွာတွင် လူမှုကူညီရေးကားများ မရှိမဖြစ်လိုအပ်နေကြောင်း ရွာသားများက တောင်းဆိုခဲ့ခြင်းကြောင့် ပေးအပ်ခြင်းဖြစ်ကြောင်း မလိယန်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးနော်အောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ပြောသည်။

"လိုကိုလိုအပ်နေတာ မလိယန်ရွာမှာက လူသေရှိရင် လူတွေပဲထမ်းရတာ ကားမရှိလို့။ ဝေးလည်း အရမ်းဝေးတယ်။ ပုပ်စော်တွေနံဆိုတော့ အဆင်မပြေဘူး။ ဒါကြောင့် ခင်ဗျားတို့ပြောင်းရွှေ့ထားတဲ့ရွာ ဖြစ်တဲ့အတွက် ခင်ဗျားတို့ကူညီပေးပါ။ ကျွန်တော်တို့ လိုအပ်နေတယ်၊ ကြိုက်လို့တောင်းတာ မဟုတ်ဘူး။ လိုလို့တောင်းတာလို့ပြောပြီး တောင်းယူခဲ့တာ"ဟု ဦးနော်အောင်က ဆက်ပြောသည်။

မြစ်ဆုံ ပြန်လည်နေရာချထားရေးကျေးရွာများအတွက် ACHC ကုမ္ပဏီမှ လူမှုကူညီရေးကားများနှင့် အအေးခန်းခေါင်းတလားများကို ပေးအပ်လှူဒါန်းခြင်းအပေါ် မြစ်ဆုံအရေးလှုပ်ရှားသူ ဒေါ်ဂျာခေါန်က စိုးရိမ်မိသည်ဟု ဆိုသည်။

"ကျွန်မတို့ရွာမှာ ဒီကုမ္ပဏီရောက်လာတာက မြစ်ဆုံမှာ ဆည်စီမံကိန်းလုပ်မယ်ဆိုပြီး ရောက်လာတဲ့ ကုမ္ပဏီဖြစ်တဲ့အတွက် ဒီနေ့ဆိုရင် မြစ်ဆုံရပ်ဆိုင်းထားတာလည်း ၇ နှစ်ပြည့်တော့မယ်။ ဒေသခံတွေလည်း မြစ်ဆုံဆည်စီမံကိန်းကို ကန့်ကွက်နေတာ ဒေသခံတွေသာမကဘဲနဲ့ အားလုံးက ကန့်ကွက်နေချိန်မှာ အခုချိန်ထိကူညီပေးတာက သူတို့အတွက်လည်းမကောင်းဘူးထင်တယ်။ ကျွန်မတို့ကလည်း မြစ်ဆုံစီမံကိန်းကြောင့် ပြောင်းရွှေ့ရတဲ့သူတွေဖြစ်တယ်။ သူတို့ ကူညီပေးရမယ်တာဝန်တော့ ရှိတယ်။ ဒါပေမဲ့တစ်နေ့နေ့မှာ အကြွေးတောင်းလာမှာကို စိုးရိမ်တယ်"ဟု ဒေါ်ဂျာခေါန်က ပြောသည်။

ACHC ကုမ္ပဏီက "ကျွန်တော်တို့တွေ အခုလိုကူညီတာက မြစ်ဆုံရေကာတာ ပြန်စလုပ်မယ် မလုပ်ဘူးဆိုတာနဲ့ မဆိုင်ပါဘူး။ ကျွန်တော်တို့နဲ့ သက်ဆိုင်တဲ့ရွာဖြစ်တဲ့အတွက် ကူညီပေးတာဖြစ်တယ်" ဟု ACHC ကုမ္ပဏီမှမြစ်ကြီးနားရုံးတာဝန်ခံက ပြောကြားခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

နောင်းချိန်းကျေးရွာအုပ်စု ၁၄ ရွာတွင် နာရေးကူညီမှုကားတစ်စင်းသာရှိခြင်းကြောင့် အခက်အခဲဖြစ်နေ၍ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလက ACHC ကုမ္ပဏီမှတာဝန်ရှိသူများရောက်ရှိချိန်တွင် ကားနှင့်လျှပ်စစ်နှင့်တွဲသုံးသော မှန်လုံအအေးခန်းခေါင်းတလားကို တောင်းဆိုခဲ့ကြောင်း သိရသည်။

လဖိုင်လု

# တပ်မတော်ကို အသရေဖျက်မှုဖြင့် တရားစွဲဆိုခြင်းသည် မိမိတစ်ဦးတည်းဆန္ဒသာ ဖြစ်ကြောင်း တရားလိုဒုဗိုလ်မှူးကြီးထွက်ဆို

Salai
ရေးသားသည်။

မြစ်ကြီးနား၊ မေ ၂၉

ဆန္ဒပြဦးဆောင်သူ သုံးဦးအား မြန်မာ့တပ်မတော်က တရားစွဲဆိုခြင်းမဟုတ်ဘဲ မိမိတစ်ဦးတည်းအနေဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်ဟု ကိုလွမ်းဇော်းပါသုံးဦးအမှုမှတရားလို ဒုတိယဗိုလ်မှူးကြီးမျိုးမင်းဦးက တရားခွင်တွင်မေလ ၂၈ ရက်ကပြောဆိုခဲ့ကြောင်း သိရသည်။


ဒုတိယဗိုလ်မှူးကြီး မျိုးမင်းဦး

တပ်မတော်ကို အသရေဖျက်မှုဖြင့် တရားစွဲဆိုခံထားရသည်ကိုလွမ်းဇော်းပါသုံးဦးအမှုကို မြစ်ကြီးနားမြို့နယ်တရားရုံး၌ တတိယအကြိမ်မြောက်ရုံးချိန်းတွင် တရားလိုဒုတိယဗိုလ်မှူးကြီး မျိုးမင်းဦးအား စစ်ဆေးချိန်တွင် ယခုကဲ့သို့ထွက်ဆိုခဲ့ခြင်းဖြစ်ကြောင်း တရားလွှတ်တော်ရှေ့နေ ဒေါ်ဒွဲဘူက ပြောသည်။

"တပ်မတော်အနေနဲ့ စွဲဆိုတာမဟုတ်ဘူး။ တပ်မတော်သားတစ်ဦးအနေနဲ့ပေါ့နော်၊ တပ်မတော်သားတစ်ဦးဖြစ်တဲ့အတွက် သူက တပ်မတော်ကို အသရေဖျက်ပြောဆိုတာကို စွဲဆိုခြင်းဖြစ်တယ်လို့ ပြောပါတယ်။ အဲဒီတော့ တပ်မတော်ရဲ့ကိုယ်စား တာဝန်ပေးချက်အရ စွဲဆိုတာမဟုတ်ဘူးဆိုတာတော့ ထူးခြားမှုဖြစ်ပါတယ်။ သူ့အနေနဲ့ တပ်မတော်ကိုအကြည်အညိုပျက်အောင် ပြောတယ်ဆိုပြီး တစ်ဦးတစ်ယောက်ထဲအနေနဲ့ စွဲဆိုတာရှိသလိုထွက်ဆိုတဲ့ထဲမှာလည်း လက်ရှိတိုက်ပွဲအခြေအနေကို သူကိုယ်တိုင်ပါဝင်ခြင်း မရှိဘူး။ မြေပြင်အခြေအနေတွေကိုတော့ သူသိရှိခြင်းလုံးဝမရှိဘူးဆိုတာ ကျွန်မတို့မေးတဲ့အခါမှာ ဒီလိုပြောပါတယ်။ လက်ရှိစစ်ရှောင်စခန်းတွေလည်းသူမသိဘူးပေါ့နော်။ လက်ရှိအခြေအနေတွေကိုတော့ သူလုံးဝသိရှိခြင်းမရှိဘူး။ ဒါတွေကို သူမသိပါဘူးဆိုတာ ဒါက ထူးခြားချက်ဖြစ်တယ်"ဟု ဒေါ်ဒွဲဘူကပြောသည်။

တရားလိုက စွပ်စွဲခံရသူတို့ပြောဆိုထားသည့် ဗွီဒီယိုမှတ်တမ်းနှင့် ဓာတ်ပုံမှတ်တမ်းအထောက်အထားများကို သက်သေခံအဖြစ် တရားရုံးသို့ တင်သွင်းခဲ့သည်ဟုလည်း သိရသည်။

ပိတ်မိပြည်သူများ လွတ်မြောက်ရေးအတွက်ဟုဆိုကာ မြစ်ကြီးနားမှဒေသခံများ ဧပြီလ ၃၀ ရက်နေ့တွင် မြို့တွင်းလှည့်လည်ဆန္ဒဖော်ထုတ်ခဲ့ကြပြီး မေလ ၁ ရက်နေ့၌ သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ် ပြောဆိုမှုများကို တပ်မတော်သတင်းယူသည့်အဖွဲ့မှ တင်ပြသည့်အတွက် ယခုကဲ့သို့ စွဲဆိုခြင်းဖြစ်သည်ဟုလည်း တရားစွဲဆိုခံထားရသူ ကိုဇော်ဂျတ်က ပြောသည်။

"လက်ရှိကတော့ သူ့ကို သတင်းစာရှင်းလင်းပွဲက အခြေအနေကို သူတို့တပ်မတော်က သတင်းယူတဲ့အဖွဲ့ကနေပြီးတော့ တင်ပြတဲ့အတွက်စွဲဆိုခြင်းဖြစ်ပါတယ်"ဟု တရားလွှတ်တော်ရှေ့နေ ဒေါ်ဒွဲဘူက ဆိုသည်။

ဆန္ဒပြဦးဆောင်သူ ၃ ဦးအနက် ကိုဇော်ဂျတ်နှင့်ဒေါ်နန်ပူကို ယင်းသတင်းစာရှင်းလင်းပွဲတွင် ပြောဆိုချက်များအရ စွဲဆိုထားခြင်းဖြစ်ပြီး ကိုလွမ်းဇော်းကိုမူ ဆန္ဒထုတ်ဖော်သည့် အချိန်တွင်ပြောဆိုမှုများအရ စွဲဆိုခြင်းဖြစ်သည်ဟုလည်း သိရသည်။

ကိုလွမ်းဇော်းကို တရားစွဲခြင်းသည် "လေယာဉ်ဖြင့် ပြည်သူများကို ပစ်မှတ်ထားဗုံးကျဲခြင်းရပ်၊ ပြည်သူများအားဖမ်းဆီးနှိပ်စက်သတ်ဖြတ်မှုချက်ချင်းရပ်"ဟုပြောဆိုခြင်းကြောင့်ဖြစ်ကြောင်း သိရပြီး ဒေါ်နန်ပူက သတင်းစာရှင်းလင်းပွဲတွင်"ပိတ်မိပြည်သူများအား တားဆီးပိတ်ပင်ခြင်းသည် တပ်မတော်သာဖြစ်ကြောင်း၊ ပိတ်မိပြည်သူများအား ဖမ်းဆီးသတ်ဖြတ်စစ်ဆေးခြိမ်းခြောက်ခြင်းသည် တပ်မတော်သာ ဖြစ်ကြောင်း" ဟု ပြောဆိုခဲ့သည့်အတွက် တရားစွဲဆိုခြင်းဖြစ်ကြောင်း သိရသည်။

ကိုဇော်ဂျတ်ကိုမူ "တပ်မတော်က ဖားကန့်မန်ဝယ်ကျေးရွာဘက်တွင် တစ်ဖက်သတ်ထိုးစစ်ဆင်ခြင်းကြောင့် ပြည်သူများ ကိုယ်လွတ်ရုန်းထွက်ပြေးခဲ့ရကြောင်း၊ ထွက်ပြေးလာသည့်ရွာသား ၂၀၀၀ ကျော်ခန့်ကို တပ်မတော်က ၎င်းတို့နေထိုင်သည့် ရွာသို့ ပြန်လည်မောင်းထုတ်ပြီး ၎င်းရွာဘက်တွင် တပ်မတော်နှင့်အတူတူနေထိုင်ခဲ့ကြောင်း၊ ညဘက်တွင်တပ်မတော်မှ အရက်မူး၍ ရွာသားများအား မထီမဲ့မြင်ပြုမူဆက်ဆံမှုများရှိကြောင်း၊ ဧပြီလ ၁ ရက်နေ့မှစ၍ ဟူးကောင်းချိုင့်ဝှမ်း တနိုင်းအောင်လောဒ့်ဘက်တွင် တပ်မတော်မှ ထိုးစစ်ဆင်ပြီး ရွာသူရွာသားများနေထိုင်သည့် နေရာများသို့ လက်နက်ကြီးလေယာဉ်များဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ ကျည်များကျရောက်ခဲ့သဖြင့် ပြည်သူများ သေကျေဒဏ်ရာရရှိခဲ့ကြောင်း"ဟု သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုခဲ့ခြင်းကြောင့် ဖြစ်သည်ဟု သိရသည်။

တရားစွဲဆိုခြင်းခံထားရသူ သုံးဦးကမူ ထိုစွပ်စွဲချက်များသည် ခိုင်လုံမှုမရှိကြောင်း၊ မိမိတို့ပြောဆိုထားသည့် အကြောင်းအရာများနှင့်ကွဲလွဲနေကြောင်း ရှင်းပြပြောဆိုသည်။


မေလ ၂၈ ရက်နေ့က မြစ်ကြီးနားမြို့နယ်တရားရုံး၌ တတိယအကြိမ်မြောက်ရုံးချိန်းအပြီးတွင် တွေ့ရစဉ် ဓါတ်ပုံ- Salai



မေလ ၁ ရက်နေ့က မနောင်ကွင်းတွင် ပိတ်မိပြည်သူများနှင့်ပတ်သက်၍တရားစွဲဆိုခံထားရသူ ၃ ဦး သတင်းစာရှင်းလင်းပွဲ ပြုလုပ်နေစဉ် ဓါတ်ပုံ- Salai

"ကျွန်တော်ပြောတဲ့ဟာနဲ့ သူတို့ပြောတဲ့ဟာက လွဲနေတယ်ခင်ဗျ။ လွဲချက်ကတော့ တော်တော်လေးကို များတယ်။ ကျွန်တော်ပြောတာက တနိုင်းအောင်လောဒ့်ဘက်မှ ပိတ်မိပြည်သူ ၂၀၀၀ ကျော်ရှိတဲ့ဟာကို မန်ဝယ်ဘက်မှာ နှစ်ထောင်ရှိတယ်၊ အဲ့လိုရောပြီးရေးတယ်။ အမှန်ဆို မန်ဝယ်ဘက်မှာ ၁၅၀ လောက်ပဲရှိတယ်။ သူတို့ထွက်လာတဲ့အချိန်မှာ တပ်မတော်က ချောင်းဝရောက်တဲ့အချိန်မှာပြည်လှည့်ပြန်ခိုင်းတဲ့ဟာကို သူတို့က မောင်းထုတ်တယ်ဆိုပြီးမှ အသုံးအနှုန်းပြောင်းထားတယ်။ အဲ့ဒါတွေက ကွဲလွဲမှုတွေပေါ့။ ကျွန်တော့်အမြင်အရဆိုရင် ခိုင်လုံမှုမရှိဘူးလို့မြင်တယ်"ဟု ကိုဇော်ဂျတ်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ကိုလွမ်းဇော်းကမူ - "ပြောမယ်ဆိုရင် ကျွန်တော်ကိုယ်တိုင်လည်း ပြောထားတာမဟုတ်ဘူး။ မနေ့က တရားလိုဖြစ်တဲ့ ဒုတိယဗိုလ်မှူးကြီးက သူကိုယ်တိုင်ကြားသိတာလည်းမဟုတ်ဘူး။ ကိုယ်တိုင်သိမြင်တာလည်း မဟုတ်ဘဲနဲ့ ခိုင်လုံပြီးမှ သက်သေအထောက်အထားနဲ့ ကျွန်တော့်အပေါ်မှာ စွပ်စွဲတာမဟုတ်ဘဲနဲ့ တစ်ဆင့်ကြားပုံစံနဲ့သော်လည်းကောင်း၊ ခိုင်မာတိကျတဲ့ဟာမဟုတ်ဘဲနဲ့ ကျွန်တော့်ကိုစွပ်စွဲတယ်လို့ ကောက်ချက်ချလို့ရတာပေါ့"ဟု ပြောသည်။

မိမိတို့အနေဖြင့် ပိတ်မိပြည်သူများအား အမြန်ဆုံးကယ်တင်ပေးရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီရရှိရေး၊ နိုင်ငံသားတစ်ဦး၏ မူလအခြေခံအခွင့်အရေးဖြစ်သည့် ပြည်သူများ၏ဆန္ဒကိုသာ နိုင်ငံတော်အစိုးရ သိရှိနားလည်အောင် ဆန္ဒထုတ်ဖော်ခြင်းဖြစ်ပြီး မည်သည့်အဖွဲ့အစည်းကိုမျှ အသရေဖျက်ခြင်းမဟုတ်ကြောင်းလည်း ကိုလွမ်းဇော်းက ဖြည့်စွက်ပြောဆိုခဲ့သည်။

ထို့အပြင် ယခုကဲ့သို့ တရားစွဲဆိုမှုက တပ်မတော်အပေါ် ပြည်သူများ၏ ယုံကြည်မှုပိုမိုလျော့ကျလာနိုင်သည်ဟုလည်း ၎င်းကသုံးသပ်ပြောဆိုခဲ့သည်။

"ဒီလိုလုပ်တာဟာ ငြိမ်းချမ်းရေးတည်ဆောက်တဲ့ဖြစ်စဉ်ကြားမှာ ပြည်သူတွေ ဖြစ်စေချင်တဲ့ဆန္ဒကို ပြောဆိုပြီး ထုတ်ဖော်တာကို နိုင်ငံတော်အစိုးရသော်လည်းကောင်း၊ တပ်မတော်သော်လည်းကောင်း မတရားတရားစွဲဆိုမှုတွေက မလုပ်သင့်ဘူးလို့မြင်မိပါတယ်။ ဒီလိုလုပ်တာဟာ ပြည်သူတွေရဲ့ ယုံကြည်မှုလည်း တပ်မတော်အပေါ်မှာ လျော့ကျလာနိုင်တယ်"ဟု ကိုလွမ်းဇော်းက ပြောသည်။

လာမည့်စတုတ္ထမြောက်ရုံးချိန်းကို ဇွန်လ ၄ ရက်နေ့တွင် ပြန်လည်ချိန်းဆိုထားပြီး မေလ ၂၈ ရက် တတိယရုံးချိန်းတွင် တရားလိုတစ်ဦးကိုသာ စစ်ဆေးခဲ့ကြောင်း သိရသည်။

■

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
( ဇွန် ၁ - ဇွန် ၇၊ ၂၀၁၈ )

# တရားမျှတမှု ပြန်လည်ဖော်ထုတ်ရေး မူဘောင်ထဲက အမျိုးသားပြန်လည် သင့်မြတ်မှု

မသီတာ( စမ်းချောင်း)



နိုင်ငံရေးအကျဉ်းသားဟူသည် အခွင့်ထူးခံအကျဉ်းသားမဟုတ်သော်လည်း ရာဇဝတ်သားများနှင့် မတူခြားနားသည့် အကျဉ်းသားဖြစ်သည်ကို မူလက်ခံကြရပါမည်။ တည်ဆဲအစိုးရတို့က ယင်းနိုင်ငံရေးယုံကြည်ချက်မတူသူများကို တည်ဆဲဥပဒေတစ်ခုခုဖြင့် စွပ်စွဲအရေးယူခံရသူများကို နိုင်ငံရေးအကျဉ်းသားဟု သတ်မှတ်တတ်ကြပေသည်။ ထို့ကြောင့် ယင်းတို့မှာ ရာဇဝတ်မှု၊ တရားမမှုများကို ကျူးလွန်ရင်ဆိုင်နေရသူတို့မဟုတ်ဘဲ မိမိ၏ နိုင်ငံရေးယုံကြည်ချက်နှင့် ယင်းအပေါ်အခြေခံသော နိုင်ငံလှုပ်ရှားမှုများကိုသာ ဆောင်ရွက်ကြသူများ ဖြစ်ကြသည်။ သက်ဆိုင်ရာတည်ဆဲအစိုးရများက ထိုသူများအား နှုတ်ပိတ်ရန်နှင့် နိုင်ငံရေးလှုပ်ရှားမှုများ မဆောင်ရွက်နိုင်စေရန် နိုင်ငံရေးသန္နိဋ္ဌာန်အားလျော်စွာ တည်ဆဲဥပဒေတစ်ခုခုကို ဖွတ်ကိုးကားကာ ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲအရေးယူကြခြင်းသာဖြစ်သည်။

သို့ရာတွင် နိုင်ငံရေးအပြောင်းအလဲတစ်ရပ် ဖြစ်ပေါ်ရန် ဖန်တီးတည်ဆောက်ခင်းကျင်းရပြီဆိုလျှင် တစ်ခေတ်တစ်ချိန်က နိုင်ငံရေးအကျဉ်းသားများအား အနာဂတ်အခင်းအကျင်းတွင် မည်သည့်အခန်းကဏ္ဍ၌ ပါဝင်စေချင်သနည်းဟူသောအမေးကို ဖြေရန်လိုအပ်လာပါသည်။ ယခုအခါတွင် သမ္မတကြီးကိုယ်တိုင်က နိုင်ငံရေးအကျဉ်းသားဟောင်းဖြစ်နေသကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်အများအပြားမှာလည်း နိုင်ငံရေးအကျဉ်းသားများ ဖြစ်နေကြပါသည်။ ထိုသို့နိုင်ငံရေး အကျဉ်းသားဟောင်းအချို့၏ မြန်မာ့နိုင်ငံရေးဦးဆောင်ကဏ္ဍကို မြင်ရရုံဖြင့် နိုင်ငံ၏အနာဂတ်သည် ရေရာသေချာပါပြီလား။ သည်နေရာတွင် နိုင်ငံရေးအကျဉ်းသားများအပေါ် လူထု၏ ရှုမြင်ပုံအပြောင်းအလဲကလည်း အရေးပါနေသည်။

စင်စစ် နိုင်ငံရေးအပြောင်းအလဲကာလတွင် အရေးကြီးဆုံးဖြတ်သန်းရမည့် ဖြစ်စဉ်မှာ တရားမျှတမှု ပြန်လည်တည်ဆောက်ပေးရန်သာ ဖြစ်ပါသည်။ နိုင်ငံရေးအကျဉ်းသားများနှင့် ပတ်သက်သည့်အစိတ်အပိုင်းသည် ယင်းဖြစ်စဉ်၏ မြောက်မြားစွာသောအစိတ်အပိုင်းထဲက တစ်ခုသာ ဖြစ်ပါသည်။ ထို့ကြောင့် တရားမျှတမှု ပြန်လည်တည်ဆောက်ပေးရေးဖြစ်စဉ်ကိုသာ အဓိကထား ဆွေးနွေးလိုပါသည်။

**စင်စစ် နိုင်ငံရေးအပြောင်းအလဲကာလတွင် အရေးကြီးဆုံးဖြတ်သန်းရမည့် ဖြစ်စဉ်မှာ တရားမျှတမှု ပြန်လည်တည်ဆောက်ပေးရန်သာ ဖြစ်ပါသည်။ နိုင်ငံရေးအကျဉ်းသားများနှင့် ပတ်သက်သည့်အစိတ်အပိုင်းသည် ယင်းဖြစ်စဉ်၏ မြောက်မြားစွာသော အစိတ်အပိုင်းထဲက တစ်ခုသာ ဖြစ်ပါသည်။**

ချက်ရီပတ်ဘလစ်နိုင်ငံတွင်လည်း သမိုင်းတစ်လျှောက် နိုင်ငံရေးအကျဉ်းသား မြောက်များစွာရှိခဲ့ပေရာ တရားမျှတမှုမဲ့ခံခဲ့ရသော လူပုဂ္ဂိုလ်တစ်ဦးချင်း တရားမျှတမှု ပြန်လည်တည်ဆောက်ရေးကို နိုင်ငံ၏လူမှုသဟဇာတပြန်လည်တည်ဆောက်ရေးအတွက် လိုအပ်သောအစိတ်အပိုင်းအဖြစ် သဘောထားခဲ့ကြောင်း တွေ့ရှိရသည်။

နိုင်ငံရေးအကြမ်းဖက်မှု၏ သားကောင်များ ကြုံတွေ့ခံစားရသော ဒဏ်ရာဒဏ်ချက်များကို အနာကျက်စေလိုပါက လျော်ကြေးငွေ၊ တရားမျှတမှု၊ အမှန်တရားအား ဖော်ထုတ်ပြောကြားခြင်း၊ ခွင့်လွှတ်ခြင်းနှင့် ဒီမိုကရေစီထွန်းကားအောင်ပြုခြင်း စသည့် အချက်များစွာသည် အရေးကြီးသောကဏ္ဍတွင်ရှိမြဲဖြစ်ပါသည်။ စင်စစ်တရားမျှတမှု ပြန်လည်တည်ဆောက်ရေးဆိုရာတွင် လူမှုနိုင်ငံရေးအရ ပြန်လည်ဖော်ထုတ်တည်ဆောက်ရေးနှင့် တစ်ဦးချင်း ဒဏ်ရာကုစားရေးတို့ပါဝင်မြဲလည်း ဖြစ်သည်။ ထိုနှစ်ခုစလုံးကို သဟဇာတညီမျှစွာမဆောင်ရွက်နိုင်ခဲ့လျှင် အမျိုးသားပြန်လည်သင့်မြတ်ရေးဟူသည်မှာ ခက်ခဲနေဦးမည်ဖြစ်သကဲ့သို့ ထိုသားကောင် (ဥပမာ- နိုင်ငံရေးအကျဉ်းသားဟောင်းအချို့) များအား သူတို့ပတ်ဝန်းကျင်ခွဲခြားဖိနှိပ်ဆက်ဆံခြင်းကို မည်သို့မျှဟန့်တားအဆုံးသတ်နိုင်မည်မဟုတ်ပါ။ (သည်နေရာတွင် သမိုင်းတစ်လျှောက် နိုင်ငံရေးအကျဉ်းသားဦးရေနှင့်လတ်တလောတွင် အုပ်ချုပ်ရေးနှင့် ဥပဒေပြုမဏ္ဍိုင်များတွင် ရာထူးတာဝန်ရထားသူ နိုင်ငံရေးအကျဉ်းသားဟောင်းဦးရေတို့ကို ယှဉ်ကြည့်စေလိုပါသည်။ ထောင်ထွက်များ အာဏာရလာပြီဟု ဆိုနိုင်သော်လည်း ထောင်ထွက်အများစု၏ ဘဝများ မပြောင်းလဲသေးသည်မှာ အမှန်တရားသာ ဖြစ်ပါသည်။)

မြန်မာ့နိုင်ငံရေးဖြစ်စဉ်တွင် နိုင်ငံရေးအကျဉ်းသားများသာမက လက်နက်ကိုင်ပဋိပက္ခ၏သက်ရောက်မှုကို ခါးစည်းခံကြရသော အပြစ်မဲ့ပြည်သူသားကောင်များလည်း နိုင်ငံနှင့်အဝန်း အမြောက်အမြား ရှိနေကြပါသည်။ ထို့ကြောင့် တရားမျှတမှု ပြန်လည်တည်ဆောက်ရေး ဖြစ်စဉ်၏အစိတ်အပိုင်းအဖြစ် နိုင်ငံ၏ လူ့အဖွဲ့အစည်းအတွင်း ဒီမိုကရေစီအလေ့အထ ထွန်းကားလာစေရန် အားထုတ်နေသည့် တစ်ချိန်တည်းတွင်ပင် မတရားမှုကိုခံခဲ့ကြရသူတိုင်း (နိုင်ငံရေးအကျဉ်းသားဖြစ်စေ၊ အပြစ်မဲ့ပြည်သူသားကောင်ဖြစ်စေ) တစ်ယောက်ချင်းစီ၏ ဒဏ်ရာများကို အသိအမှတ်ပြုခြင်း၊ ယင်းအနာတရများအတွက် တာဝန်ရှိသူများအား ဖော်ထုတ်သတ်မှတ်ခြင်း၊ တာဝန်ယူမှုအတွက်နည်းလမ်းတစ်ခုခုဖြင့် တာဝန်ယူခြင်း သို့မဟုတ် တောင်းပန်ခြင်း ခံခဲ့ရသူများက ခွင့်လွှတ်ခြင်း၊ ယင်းဖြစ်စဉ်အဆင့်ဆင့်အား မှတ်တမ်းတင်ခြင်း စသည်တို့ကို ဆောင်ရွက်ကြရန် ဖြစ်ပါသည်။

သို့ရာတွင် အချို့က ထိုသို့တစ်ဦးချင်းစီ၏ အနာတရများကိုကုစားရန်ကြိုးစားခြင်းသည် လွန်စွာခဲယဉ်းသော လုပ်ငန်းစဉ်ဖြစ်သကဲ့သို့ အမျိုးသားပြန်လည်သင့်မြတ်ရေးကိုပင် အဟန့်အတားဖြစ်စေနိုင်သည်ဟု ယူဆကြပါသည်။ အတိတ်ကို ပြန်လည်တူးဆွခြင်းသည် အနာဂတ်အတွက် ခြေလှမ်းများကို တုံ့ဆိုင်းစေသည်ဟု ထင်မြင်မှုလည်း ရှိတတ်ကြသည်။ အမှန်တကယ်မှာ အတိတ်ကို မကျေလည်ဘဲ အနာဂတ်ကိုပုံဖော်ရန် ခက်ခဲလိမ့်မည်။ တစ်နည်းအားဖြင့် အနာမကျက်ဘဲ အနာဖေးတက်လာသည်ကိုသာကြည့်ပြီး ကျေနပ်နေလျှင် အနာမှာ အရေးပြားပေါ်ပေါက်ထွက်၍မရပါက အသားနှင့် အရိုးတွင်းထိအောင် လိုက်စားသွားနိုင်ခြေ ရှိနေပါသည်။ ထို့ကြောင့် အတိတ်က သန္ဓေတည်ခဲ့သော အနာများကို အသေးစိတ်သိရှိလေ့လာရန် အရေးကြီးပါသည်။ သို့မှသာ အနာဖေးမတက်ဘဲ အတွင်းအပြင် အနာကျက်သွားသည်အထိ ကုစားနိုင်မည်ဖြစ်ကာ အနာဂတ်တွင်လည်း မည်သည့် စိုးရိမ်ကြောင့်ကြမှုမျိုးမျှ မလိုအပ်ဘဲ အမာရွတ်ပါမကျန် ပျောက်ကင်းနိုင်ပါလိမ့်မည်။

ဒီမိုကရက်တစ် လူ့ဘောင်အဖြစ် အသွင်ပြောင်းခြင်းဖြစ်စဉ်တွင် အာဏာရှင်အား အတိုက်အခံပြုခဲ့ကြသူများလက်ထဲသို့နိုင်ငံရေးအာဏာရောက်သွားအောင် အားထုတ်ရုံဖြင့် မပြည့်စုံနိုင်ကြောင်း၊ ပါတီစုံရွေးကောက်ပွဲများရှိရုံဖြင့် ဒီမိုကရေစီရမည် မဟုတ်ကြောင်း သတိပြုကြရပါမည်။ တရားမျှတသည့် လူ့ဘောင်ဟူသော အရိပ်အာဝါသအောက်တွင် အာဏာရှိ အာဏာမဲ့ အားလုံး၏လွတ်လပ်ခွင့်များ တန်းတူရှိနေသည်ဟု အာမခံပေးနိုင်မှသာ တစ်ဦးချင်း တာဝန်ယူမှုနှင့် အစစ်အမှန်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ကြပါမည်။ သို့မှသာ စစ်မှန်သောလူ့ဘောင်အမျိုးသားပြန်လည်သင့်မြတ်ရေးသည် လူတစ်ဦးချင်းအဆင့်ထိ ထိရောက်ရှင်သန်နိုင်ပါလိမ့်မည်။ ဒီမိုကရက်တစ်လူ့ဘောင်၌ တောင်းဆိုနေသည့် အခွင့်အရေးတန်းတူမှု၊ သာတူညီမျှမှုဟူသည်မှာ လူမျိုး၊ ဘာသာ၊ အစုအဖွဲ့(ပါတီ သို့မဟုတ် စစ်တပ်ကဲ့သို့သော အင်စတီကျူးရှင်း) အဆင့်တွင်သာ ရှိရမည်မဟုတ်ဘဲ လူတစ်ဦးချင်းအဆင့်အထိ သက်ရောက်ရမည် ဖြစ်ပါသည်။

လတ်တလောအခြေအနေတွင် နိုင်ငံရေးအကျဉ်းသားဟောင်းများ အာဏာရနေသည်ဟုဆိုနိုင်သော်လည်း အခြားနိုင်ငံများက မြန်မာနိုင်ငံတွင် အစိုးရနှစ်ရပ်ရှိနေသည်ဟု မှတ်ချက်ပြုကြရသည်အထိ နိုင်/ကျဉ်းဟောင်းများလက်ထဲရှိအာဏာသည် အကန့်အသတ်ဖြစ်နေသည်။ ယင်းတို့နှင့် မူလလက်ဟောင်း အာဏာရှင်အဖွဲ့အစည်းကြီး၏ ရင်သွေးများကြားတွင် အာဏာအားပြိုင်မှုများရှိနေသည်။ ထို့ကြောင့် သည်အနေအထားမျိုးတွင် အတိတ်ကိုတူးဆွပြီး အမှန်တရားကိုဖော်ထုတ်ကာ တရားမျှတမှုကို ပြန်လည်တည်ဆောက်ရန် အားထုတ်ခြင်းသည် မိုက်မဲမှုသာဖြစ်မည်စသဖြင့်လည်း တွေးတတ်ကြပါသည်။

စင်စစ် လက်ရှိအနေအထားတွင်ပင် အမျိုးသားပြန်လည်သင့်မြတ်ရေးသည် အာဏာလက်ဟောင်းသမားများ အလိုကျ စေ့စပ်နေရသည်နှင့် တူကာ ကျန်အပြစ်မဲ့ပြည်သူသားကောင်များ (တိုင်းရင်းသားအားလုံး) အချင်းချင်းကြားလူမှုရေးသဟဇာတဖြစ်မှုကို လျစ်လျူရှုထားသလိုဖြစ်နေသည်ဟု ဝေဖန်သုံးသပ်မှုကလည်းအထင်အရှားပင်။ စင်စစ် ခေတ်အဆက်ဆက်အာဏာမရခဲ့ဘဲ ဒဏ်ရာအနာတရများသာ ထူခဲ့ရသည့် အပြစ်မဲ့ပြည်သူများအများစုကြီး၏ လက်ရှိလျှောက်လှမ်းနေသော ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ဖြစ်စဉ်အပေါ် သဘောထားသည်လည်း လွန်စွာအရေးကြီးပါသည်။ သည်လမ်းသည် သူတို့အတွက် အေးမြလုံခြုံမှုကို ပေးနိုင်မည်၊ အတိတ်တစ္ဆေများကိုလည်း ပြန်မတွေ့နိုင်၊ အနာဟောင်းများလည်းကျက်ကာ အနာသစ်များလည်း မရနိုင်ဟုယုံကြည်မှုရှိပါမှ သူတို့ကိုယ်တိုင်ဖြစ်စေ၊ သူတို့က ယုံသော သူတို့ကိုယ်စားပြုများကို ဖြစ်စေ သည်လမ်းကို ဆက်လျှောက်စေကြလိုပါလိမ့်မည်။

ထို့ကြောင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို တရားမျှတမှု ပြန်လည်ဖော်ထုတ်ရေးမူဘောင်အတွင်းမှ မချဉ်းကပ်နိုင်လျှင် ရေရှည်တည်တံ့ပြီး လက်တွေ့ကျသော အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဟူ၍ ပေါ်ပေါက်လာမည်မဟုတ်ပါဟု ဆိုကြရပါ

သည်။ တစ်နည်းအားဖြင့် နိုင်ငံရေးအကျဉ်းသားများ၊ အပြစ်မဲ့ပြည်သူများအပါအဝင် သားကောင်များအားလုံးအတွက် တရားမျှတမှု ပြန်လည်ဖော်ထုတ်ရေးကို မျက်ကွယ်ပြုပြီး ရွေးကောက်ပွဲဝင်ပြိုင်ကြ၊ အနိုင်ရလျှင် အာဏာအတိုင်းအတာတစ်ခုရမည်။ ထိုအခါမှသာ အာဏာရသူစိတ်ကြိုက် အာဏာလက်ဟောင်း စိတ်မငြိုငြင်မည့် နည်းလမ်းများအတိုင်း နိုင်ငံရေးအပြောင်းအလဲကို ဆောင်ရွက်ကြလျှင် အမျိုးသားပြန်လည်သင့်မြတ်ရေး ဝေးနေဦးမည်သာ ဖြစ်ပါသည်။ ယင်းအစား ခေတ်အဆက်ဆက် အာဏာမဲ့ပြည်သူများနှင့်ခေတ်အလိုက် အာဏာလက်ဟောင်း၊ လက်သစ်များအကြား အကြိတ်အခဲသာ အဖတ်တင်ပေမည်။

တရားမျှတမှု ပြန်လည်ဖော်ထုတ်ရေးသည် လူတစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့၏ နစ်နာခဲ့ရမှုများကို အသိအမှတ်ပြုပေးခြင်းက စတင်နိုင်ပါသည်။ ယင်းနစ်နာမှုများအတွက် တာဝန်ရှိသူများက တာဝန်ရှိကြောင်း တာဝန်ယူဝန်ခံခြင်းကို ဆောင်ရွက်ရန် ခက်ခဲနေဦးမည်ဆိုလျှင်ပင် နစ်နာခဲ့ရသူများ၊ နစ်နာမှုဒဏ်ရာများကို အသိအမှတ်ပြုပေးခြင်းဖြင့် မခက်ခဲသင့်ပါချေ။ သို့ရာတွင် ကလေးစစ်သား အောင်ကို ထွေးအား အတိတ်ကအကြောင်းကို ထုတ်ပြောသည့်အတွက် အရေးယူသောဖြစ်စဉ်ကိုကြည့်လျှင် နစ်နာခဲ့မှုအပေါ် အသိအမှတ်ပြုပေးရန်ပင် ခက်ခဲနေသည်ကို တွေ့ရပါသည်။

သည့်အတွက် လက်ရှိအာဏာရထားသော နိုင်/ကျဉ်းများအနေဖြင့် ယခုကဲ့သို့ ဖြစ်ရပ်များအပေါ် ရှုမြင်တုံ့ပြန်ရာတွင် သတိပြုကြစေလိုပါသည်။ မြန်မာ နိုင်ငံသူနိုင်ငံသားများ လိုအပ်နေသည်မှာ အမျိုးသားပြန်လည်သင့်မြတ်ရေးသက်သက်မဟုတ်ဘဲ တရားမျှတမှုကို အခြေခံသော အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးသာ ဖြစ်ပါသည်။



# တရုတ်ငှက်ပျောခြံများကို အရင်အစိုးရလက်ထက်ကလည်း ခွင့်ပြုခဲ့ခြင်းမရှိဟု ဝန်ကြီးချုပ်ဟောင်း ဦးလဂျွန်ငန်ဆိုင်းငြင်းဆို





မြစ်ကြီးနား၊ မေ ၂၉

ကချင်ပြည်နယ်အတွင်း ဝင်ရောက်နေသော တရုတ်တစ်သျှူးငှက်ပျောစိုက်ကုမ္ပဏီများနှင့် စိုက်ပျိုးမြေနေရာများကို ယခင် ပြည်ခိုင်ဖြိုးအစိုးရလက်ထက်ကလည်း ခွင့်ပြုပေးခဲ့ခြင်းမရှိဟု ပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဦးလဂျွန်ငန်ဆိုင်းက ပြည်နယ်လွှတ်တော်တွင် ဖြေရှင်းပြောဆိုလိုက်သည်။

တစ်သျှူးငှက်ပျောခြံများကိစ္စနှင့်ပတ်သက်၍ ဝိုင်းမော်မြို့နယ်မှ လွှတ်တော်အမတ် ဦးနော်လီ၏ ကြယ်ပွင့်ပြမေးခွန်းကို ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးမြသိန်းက ပြန်လည်ဖြေဆိုပြီးနောက် လွှတ်တော်ဥက္ကဋ္ဌထံ ခွင့်ပန်ကာကြားဝင်ဖြေရှင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဦးနော်လီက ငှက်ပျောခြံများကို အစိုးရက တရားဝင်ခွင့်ပြုထားခြင်း ရှိ မရှိ၊ တရားဝင်ခွင့်ပြုထားသည့် ဧကမည်မျှရှိသည်၊ တရားမဝင်ဆောင်ရွက်နေသည့် ငှက်ပျောခြံကုမ္ပဏီများကို မည်သို့အရေးယူမည်တို့ကို သိလိုကြောင်းမေးမြန်းချက်ကို "ယခုအစိုးရ လက်ထက်မှာခွင့်ပြုထားခြင်း မရှိပါဘူး။ လွန်ခဲ့သည့် ၈ နှစ်ခန့်က ခွင့်ပြုထားသည်ဟု ထင်ရသော်လည်း တရားဝင်ခွင့်ပြုထားကြောင်း သက်သေအထောက်အထား မရှိပါဘူး။ မည်သည့်ကုမ္ပဏီကိုမျှ စိုက်ပျိုးခွင့်မပြုရန် တရားဝင်ထုတ်ပြန်ထားပါတယ်"ဟု ဝန်ကြီးဦးမြသိန်းကပြန်လည်ဖြေကြားခဲ့ပြီးနောက် တနိုင်းမြို့နယ်မဲဆန္ဒနယ်လွှတ်တော်ကိုယ်စားလှယ် ဦးလဂျွန်ငန်ဆိုင်းက "ဝန်ကြီးဖြေသွားတဲ့အဖြေအရ ကျွန်တော်တို့အစိုးရ(၂၀၁၁-၂၀၁၆ ပြည်ခိုင်ဖြိုးအစိုးရ)ကနေပြီး ဘယ်သူကိုမှ ခွင့်မပြုထားပါဘူး။ အခုစိုက်နေတဲ့ငှက်ပျောစိုက်ခင်းကုမ္ပဏီအားလုံး တရားမဝင်ပါဘူး"ဟု ဖြေရှင်းပြောဆိုခဲ့ခြင်း ဖြစ်သည်။

ဦးနော်လီမေးမြန်းသည့် တရားမဝင်ကုမ္ပဏီများကို အရေးယူဆောင်ရွက်မည့် အစီအစဉ်နှင့်ပတ်သက်သည့် မေးခွန်းကို ဖြေကြားရာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနလက်အောက်တွင်ရှိသော မြေစာရင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနများမှ လက်ရှိအမှန်တကယ်စိုက်ပျိုးနေသည့် ကုမ္ပဏီ၊ မြေဧကနှင့် မြေအမျိုးအစားများကိုစိစစ်၍ အဆင့်ဆင့်ဆောင်ရွက်တင်ပြရမည်ဖြစ်သဖြင့် နောက်မှဖြေကြားပေးနိုင်မည်ဖြစ်ကြောင်း ဝန်ကြီးဦးမြသိန်းက ဖြေကြားခဲ့သည်။

ထိုနေ့က ကျင်းပသည့် လွှတ်တော်အစည်းအဝေးတွင် ငှက်ပျောခြံအရေးနှင့် ပတ်သက်ပြီး ဗန်းမော်မြို့နယ်၊ မဲဆန္ဒနယ်(၁)မှ ဦးအောင်သင်း (ခ)ဦးဇော်သင်းလည်း မေးခွန်းမေးမြန်းခဲ့သည်။

၎င်း၏မေးခွန်းမှာ ပြည်နယ်အတွင်း တစ်သျှူးငှက်ပျောများစိုက်ပျိုးနေမှုသည် ကချင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံ မှတ်ပုံတင်ထားခြင်းရှိမရှိသေချာစစ်ဆေးရန်အစီအစဉ် ရှိမရှိ မေးမြန်းခဲ့သည်။


ဦးအောင်သင်း၏ မေးမြန်းချက်ကို ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးဝေလင်းဖြေဆိုရာတွင် ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုဌာနၵ ကုမ္ပဏီမှတ်ပုံတင်ထားသော်လည်း တစ်သျှူးငှက်ပျောစိုက်ပျိုးရန် ခွင့်ပြုမှတ်ပုံတင်ထားခြင်းမဟုတ်သည့်အတွက် ကုမ္ပဏီအားလုံးသည် ငှက်ပျောစိုက်ပျိုးရန် ခွင့်ပြုချက်မရှိသော ကုမ္ပဏီများသာဖြစ်ကြောင်း၊ စိုက်ပျိုးမြေဧကများ အနေဖြင့် သွားရောက်နိုင်သည့်နေရာများကို စာရင်းပြုစုထားသည်မှာ ဧကလေးသောင်းခွဲခန့်ရှိကြောင်း၊ နယ်မြေလုံခြုံရေးအရ သွားရောက်နိုင်ခြင်းမရှိသည့် နေရာများမှ စိုက်ပျိုးမြေများသည်လည်း တရားမဝင်ကြောင်း ဖြေကြားခဲ့ပါသည်။

တစ်သျှူးငှက်ပျော စိုက်ခင်းတွင် အသုံးပြုသည့် ပလပ်စတစ်များကို စနစ်တကျစွန့်ပစ်ခြင်းမရှိ၍ ဒေသခံများအကြား အငြင်းပွားဖွယ်ဖြစ်နေကြောင်း၊ ငှက်ပျောစိုက်ခင်းများသည် ကြီးထွားလာနိုင်သည့် ပြဿနာဖြစ်ပြီး အခြားပြည်နယ်နှင့်တိုင်းများသို့လည်း ပျံ့နှံ့နေသော ပြဿနာဖြစ်သည့်အတွက် ထိုပြဿနာကို ဖြေရှင်းရန် နည်းလမ်းရှာသင့်ပြီဖြစ်ကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက မှတ်ချက်ပြုပြောကြားခဲ့သည်။

ကချင်ပြည်နယ်တွင် ကုမ္ပဏီလုပ်ငန်းရှင် ၃၁ ခုမှ မြေဧရိယာ ၃၃၈၁၅ ဒသမ ၄၄ ဧကတွင်တစ်သျှူးငှက်ပျောစိုက်ပျိုးထားသည်ကို ပြည်နယ်အစိုးရအနေဖြင့် စိစစ်တွေ့ရှိရကြောင်း၊ အခွန်ရရှိမှုမှာ ကျပ်သိန်း လေးထောင်နီးပါးခန့် (၃၇၄၂၈၂၇၀၀) ကျပ်ပေးဆောင်ထားကြောင်းဝန်ကြီးဦးမြသိန်းက ပြောကြားခဲ့သည်။

ငှက်ပျောခြံများအရေးနှင့်ပတ်သက်၍ ဦးနော်လီက ပြည်နယ်လွှတ်တော် ဒုတိယအကြိမ်ပုံမှန်အစည်းအဝေးတွင် တစ်ကြိမ်၊ အဋ္ဌမအကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် တစ်ကြိမ်၊ ယခုတစ်ကြိမ် စုစုပေါင်းသုံးကြိမ်တိုင် မေးမြန်းခဲ့ကြောင်း သိရသည်။

မွန်းမွန်းပန်





မြစ်ကြီးနားသ
(ဇွန် ၁ - ဇွန်

# သက်ငယ်မုဒိမ်းမှုများ သေဒဏ်ပေးရေးအတွက် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း အဆိုတင်သွင်းခဲ့သူ ဒေါ်မြသွေးစံနှင့် အင်တာဗျူး

**"လေ့လာတွေ့ရှိချက်အရ ဖခင်ကျူးလွန်တာ ၅ ဒသမ ၉ ရာခိုင်နှုန်းတောင် ရှိတယ်။ဖခင်ကျူးလွန်တာက ပထွေးကျူးလွန်တာထက်တောင် ရာခိုင်နှုန်းက ပိုများနေသေးတယ်။ အန်တီတို့ လူမျိုးတွေက ယုံလွယ်ကြတယ်"**

**သက်ငယ်မုဒိမ်းမှုတွေက မြန်မာတစ်နိုင်ငံလုံးမှာသာ မကဘဲ ကချင်ပြည်နယ်မှာပါ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာနေပါပြီ။ ဒီလိုမုဒိမ်း မှုတွေကို ကြီးလေးတဲ့အပြစ်ဒဏ်ချမှတ်ခဲ့ပေမယ့် တစ်ဖက်မှာ ငွေရေးကြေးရေးကြောင့်ဖြစ်စေ၊ အယူခံဝင်ခြင်းကြောင့်ပဲဖြစ်စေ ပြစ်မှုကျူးလွန်သူတွေဟာ ထောင်လျှော့ရက်၊ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ နှစ်မပြည့်မီပြန်လွတ်လာလို့ ပြစ်မှုကျူးလွန်သူတွေဟာ နောက်တစ်ကြိမ်ထပ်ကျူးလွန်ဖို့ ကြိုးစားလာကြပါတယ်။ ဒါကြောင့် ယခုအစိုးရသစ်လက်ထက် ကချင်ပြည်နယ်လွှတ်တော် ၁၂ ကြိမ်မြောက်ပုံမှန်အစည်းအဝေး(ပထမနေ့) မှာ သက်ငယ်မုဒိန်းမှုတွေကို ကြီးလေးတဲ့ပြစ်ဒဏ်ဖြစ်တဲ့ သေဒဏ်ချမှတ်နိုင်ရေးနှင့် ပညာပေးမှုအစီအစဉ်တွေ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် မိုးကောင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြသွေးစံက အရေးကြီးအ ဆိုတစ်ရပ် တင်သွင်းခဲ့ပါတယ်။ အဲဒီအဆိုကို လွှတ်တော်ကိုယ်စားလှယ်အများစုရဲ့ထောက်ခံမှုနဲ့ ပြည်နယ်လွှတ်တော်က အတည် ပြုလိုက်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်အများရဲ့ ထောက်ခံမှုနဲ့**



မိုးကောင်းမြို့နယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြသွေးစံ

**ပထမဆုံးသိချင်တာက အဆိုတင်သွင်းဖြစ်တဲ့ အကြောင်းလေးပါ။ သက်ငယ်မုဒိမ်းကိစ္စနဲ့ ပတ်သက်တဲ့ အဆိုတင်သွင်းမှု အောင်မြင်သွားတယ်ဆိုတော့ ရှေ့ဆက်လုပ်မယ့် အစီအစဉ်ဘာတွေကျန်သေးလဲ။**

ရှေ့ဆက်ပြီးဘာလုပ်ဖို့ ဘာအစီအစဉ်ရှိလဲဆိုတော့ အန်တီတို့ပြည်နယ်ကတော့ တိုက်တွန်းတဲ့အဆိုပေါ့နော်။ ဥပဒေပြင်ဆင်ဖို့ကျတော့ ပြည်ထောင်စုကနေလုပ်တာပါ။ ပြည်ထောင်စုမှာလည်းပဲ သူတို့ပြောတာတော့ ဒီသက်ငယ်မုဒိမ်းမှုရော လူသတ်မှုရော နှစ်မျိုးပေါင်းရင် သေဒဏ်ပေးမယ်ပေါ့။ အဲဒါကိုလုံးဝမလျှော့ဘူး၊ သေဒဏ်ပဲပေးကိုပေးရမယ်လို့ ပြောပါတယ်။ သက်ငယ်မုဒိမ်းမှုဖြစ်ပွားခဲ့ရင် အစောတုန်းကကျတော့ သေဒဏ်ပေးဖို့ အန်တီတောင်းဆိုတာပေါ့။ သို့သော် အန်တီမေးခွန်းတစ်ခု ပြန်ပြောင်းရတယ်။ ဘာလို့လဲဆိုတော့ ဝန်ကြီးဖြေတာက ဒါက ရာဇသတ်ကြီးပုဒ်မအနေနဲ့ ပြန်ပြင်ရမှာဖြစ်တဲ့အတွက်ဆိုတော့ လက်မှတ်ထိုးပြီးပြန်ပြင်ဆင်ရတယ်။ ဘာလဲဆိုတော့ ဒီသက်ငယ်မုဒိမ်းမှုတွေမှာ ထောင်ဒဏ် အနှစ်နှစ်ဆယ်၊ ဒါမှမဟုတ် ဆယ်နှစ်နဲ့ ငွေဒဏ်ပါပေါင်းခံစေ ဆိုပြီးတော့ရှိထားတယ်။ ဒါပေမယ့်လည်း အခုဖြစ်နေတာက ထောင်ဒဏ်တွေကျတယ်၊ သို့သော် အယူခံဝင်ပြီးပြန်လျှော့လိုက်တယ်။ အယူခံဝင်တော့ နှစ်ကပြန်လျော့သွားရော၊ လျှော့တဲ့အပြင်ကို ငွေဒဏ်လည်းမပါတော့ဘူး။ လျော့ပြီးရင် လွတ်ငြိမ်းချမ်းသာမှာ ပြန်ပါတယ်။ သာဓကတွေက ရှိနေတယ်။ ကသာမှာဆိုရင် သူ့သမီးအရင်းကို စော်ကားတယ်။ ပြန်လွတ်လာတော့ ထပ်ကျူးလွန်ဖို့လုပ်တယ်။ သူများပြည်နယ်တွေမှာလည်း ဖြစ်လာတယ်ဆိုရင် ကိုယ်စားလှယ်တွေ ထဲထဲဝင်ဝင် လုပ်သင့်တယ်။

**တချို့ပညာရှင်တွေက သက်ငယ်မုဒိမ်းကို သေဒဏ်ပေးလိုက်ရင် ကလေးကိုမုဒိမ်းကျင့်ပြီးတစ်ခါတည်း သတ်ပစ်လိုက်နိုင်တယ်လို့ သုံးသပ်ခန့်မှန်းနေကြပါတယ်။ အန်တီရဲ့အမြင်လေးကို သိပါရစေ။**

သက်ငယ်မုဒိမ်းမှု တော်တော်များများက တော့ အမူးပေါ်ကြတာများတယ်လို့ အန်တီထင်တယ်။ တရားခံတွေကလည်း မိတာများတော့ အဲဒီလောက်အထိတော့ကြိုတင်ပြီး မတွေးထားဘူး။ အခုက နှစ်နှစ်သုံးနှစ်အရွယ်ကလေးတွေပါ ဖြစ်လာတယ်ဆိုတော့ သူတို့ဘဝလေးတွေ အညွှန့်တုံးပြီ။ ဒီသုံးသပ်ချက်ကို အရမ်းပြန်ကြည့်နေလို့မရပြန်ဘူး။ သေဒဏ်က ပေးကိုပေးရမယ်။

**သက်ငယ်မုဒိမ်းကို ထောင်ဒဏ်တွေ တိုးမြှင့်ထားတာကို လျှော့ကျမသွားတဲ့အပြင် တစ်နှစ်ထက်တစ်နှစ် ပိုပိုများလာတာ ဘာကြောင့်လို့ထင်ပါသလဲ။ ဒီလိုအဖြစ်များရတာက ပြည်ထဲရေးဒုဝန်ကြီးနဲ့ ပြောသလို အရက်/မူးယစ်ဆေးဝါးနဲ့ ညစ်ညမ်းကားတွေ အလွယ်တကူရနေလို့ဆိုတဲ့ ဖြေကြားချက်တွေအပေါ်မှာ အန်တီအနေနဲ့ ဘယ်လို မြင်ပါသလဲ။**

အခုက ညစ်ညမ်းကားတွေ အလွယ်တကူရနေတယ်။ ဒီညစ်ညမ်းခွေတွေများလို့ပဲ ဖြစ်လာနိုင်မလားဆိုပြီးလည်း တွေးမိတယ်။ အန်တီတို့နိုင်ငံမှာ ပြည့်တန်ဆာလုပ်ငန်းတွေ အများကြီးပဲ။ ဖမ်းတာဆီးတာလည်း နည်းတယ်။ ဒီလောက်ထိများနေတဲ့ နေရာတွေမှာ စိတ်အာသာမဖြေကြဘဲနဲ့ ဘာလို့ဒီလိုကလေးလေးတွေအပေါ်မှာ ပစ်မှတ်ထားပြီးလုပ်နေကြသလဲဆိုတာ အန်တီပြောတောင်မပြောတတ်တော့ဘူး။

**ပြည်ထောင်စုလွှတ်တော်မှာ သက်ငယ်မုဒိမ်းကိစ္စနဲ့ ဆွေးနွေးခဲ့ကြတယ်။ တကယ်လျှော့ကျဖို့ဆိုတာတွေ အဓိကလုပ်ဖို့ ဘာတွေလိုအပ်မယ်လို့ထင်ပါသလဲ။**

အဓိကကတော့ မိဘတွေကို ပညာပေးသင့်တယ်လို့ အန်တီထင်တယ်။ ဘာလို့လဲဆိုတော့ အန်တီတို့ဆီမှာဖြစ်သွားတဲ့ကိစ္စဟာ အမေက တရုတ်ပြည်ကို ခရီးထွက်သွားတယ်။ ဖအေနဲ့သားသမီးတွေပဲ ကျန်ထားတယ်။ ကျူးလွန်တဲ့သူကလည်း ဗမာဆေးဆရာပဲ။ အဲဒီအခါကျတော့ မိဘတွေကလည်း သိပ်ပြီး သတိမထားမိဘူး။ အမှတ်တမဲ့ မိဘတွေကနေတော့ ဖြစ်ရော။ ဘယ်လောက်ပဲရင်းနှီးနေပါစေ မိဘတွေအနေနဲ့ ကိုယ့်သားသမီးကို လွှတ်မထားသင့်ဘူး။ လေ့လာတွေ့ရှိချက်အရ ဖခင်ကျူးလွန်တာ ၅ ဒသမ ၉ ရာခိုင်နှုန်းတောင်ရှိတယ်။ ဖခင်ကျူးလွန်တာက ပထွေးကျူးလွန်တာထက်တောင် ရာခိုင်နှုန်းက ပိုများနေသေးတယ်။ အန်တီတို့လူမျိုးတွေက ယုံလွယ်ကြတယ်။ ဘာဖြစ်ဖြစ်အဒေါ်အိမ်မှာပဲအပ်ထားခဲ့မယ် ဆိုရင် တောင်မှဦးလေးရန်ကကြောက်ရတယ်။ အယုံအကြည်မထားဖို့တော့ မိဘတွေကို နည်းနည်းလေးတော့ ပညာပေးရမယ်ထင်တယ်။

**အန်တီရဲ့အဆိုမှာ နယ်လုံဝန်ကြီးဗိုလ်မှူးကြီး သူရမျိုးတင် ပြန်ဖြေတာလေး တစ်ခုသတိထားမိပါတယ်။ ကချင်ပြည်နယ်မှာ သက်ငယ်မုဒိမ်းတွေ လျှော့ကျစေဖို့ လက်ကမ်းစာစောင်ဖြန့်ဝေတာတွေ၊ အသိပညာပေးဟောပြောပွဲတွေကို ခရိုင်အလိုက် လုပ်ဆောင်ခဲ့တယ်လို့ ပြောပါတယ်။ အန်တီအနေနဲ့ အဲဒီဖြေကြားချက်အပေါ် ကျေနပ်အားရမှုရှိရဲ့လား။ တကယ်ပဲလုပ်ပေးခဲ့တယ်လို့ ထင်ပါသလားခင်ဗျ။**

အဲဒီနေ့ကပြောသွားတာ မကျေနပ်ဘူး။ အန်တီအနေနဲ့ အတိုက်အခံပြောလို့ သိပ်မကောင်းဘူး။ ဘာဖြစ်လို့လဲဆိုတော့ အန်တီတို့မြို့နယ်မှာ ရှိမှမရှိခဲ့တာကိုး။ ဒီလက်ကမ်းစာစောင်တွေ ဈေးနားမှာပေးတယ်ဆို အန်တီတို့လည်း ဈေးနားမှာနေတာ သိရမှာပေါ့။ ဘယ်နားမှာ သွားဝေတာလဲ၊ ဘယ်လိုမျိုးနေရာတွေမှာ သွားဝေတာလဲ၊ မြစ်ကြီးနားမြို့မှာဝေတာမျိုးလား၊ ဗန်းမော်မြို့မှာပဲဝေတာလားပေါ့။ အန်တီတို့အချင်းချင်းပြောကြတော့ သူတို့ဝေတယ်ဆိုရင် ဒီလိုလက်ဆင့်ကမ်းလုပ်မယ်ဆိုရင် ပြောပြသင့်တာပေါ့နော်။ အန်တီတို့လည်းပါဝင်ပြီးမှ လုပ်ချင်တာပေါ့။ ကျေးလက်ဒေသတွေ မပြောနဲ့ အန်တီတို့မြို့နယ်အထိတောင်မှ ဒီနှစ်နှစ် သုံးနှစ်အတွင်းမှာ တစ်ခေါက်မှ ဝေတယ်လို့မကြားဖူးဘူး။

**နောက်ထပ်မေးခွန်းတစ်ခုမေးချင်တာက ဘယ်လိုလူမျိုးတွေက သက်ငယ်မုဒိမ်းကျူးလွန်မှုတွေ များနေသလဲ။**

သက်ငယ်မုဒိမ်းကျူးလွန်သူတွေက လူကြီးပိုင်းတွေအဖြစ်များတယ်။ အသက် ၄၀ နဲ့ အထက်တွေ ပိုကျူးလွန်ကြတယ်။ ဉာဏ်ရည်မမီတာတွေလည်း ပါပါတယ်။ မိုးကောင်းမှာဖြစ်ခဲ့တဲ့အမှုက ကျူးလွန်တဲ့သူက သိပ်ပြီး ကျပ်မပြည့်ဘူး။

**သက်ငယ်မုဒိမ်းမှုတွေကို ကာကွယ်ဖို့ ဘာတွေလိုအပ်တယ်။ ဘယ်လိုလုပ်သင့်တယ်ဆိုတာ နောက်ဆုံးအနေနဲ့ ပြည်သူတွေ သတိထားလို့ရအောင် ပြောပြပေးပါဦး။**

ပြည်သူတွေကို ဘာပြောချင်သလဲဆိုတော့ ဘာပဲဖြစ်ဖြစ် ကိုယ့်သားသမီးကို ကိုယ်ထိန်းရမှာက ကိုယ့်တာဝန်ပဲ။ အချို့ကျတော့လည်း အကြောင်းပြကြတယ်။ စီးပွားရေးအဆင်မပြေလို့ ဂရုမစိုက်နိုင်ဘူးဘာညာပေါ့။ အဲဒီလိုတွေတော့ မလုပ်ကြပါနဲ့။ ကိုယ့်မိသားစုလေးကို ထိန်းထိန်းသိမ်းသိမ်းစောင့်ရှောက်ကြပြီးမှ လုပ်ကြပါလို့ ပြောချင်ပါတယ်။ ဒါက လူ့ပတ်ဝန်းကျင်မှာပါ မကောင်းတဲ့၊ ခေါင်းဖော်လို့မရတဲ့ အလုပ်ကြီးဖြစ်နေတော့ ကျူးလွန်မယ့်သူတွေကလည်း စဉ်းစဉ်းစားစားလုပ်ကြပါလို့ အန်တီပြောချင်ပါတယ်။

စည်သူ(မြစ်ကြီးနား)

### ၆၈ ရာခိုင်နှုန်းမြင့်တက်လာ

၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံ၌ သက်ငယ်မုဒိမ်းဖြစ်ပွါးမှု ၆၈ ရာခိုင်နှုန်းတိုးတက်လာသည်။ ၂၀၁၆ ခုနှစ်က မုဒိမ်းမှု ၁၁၀၀ တွင် သက်ငယ်မုဒိမ်း ၆၇၁ မှု၊ ၂၀၁၇ ခုနှစ်က မုဒိမ်းမှု ၁၄၀၅ မှုတွင် ၈၉၇ မှုနှင့် ၂၀၁၈ ခုနှစ် ဧပြီ လအထိ ဖြစ်ပွားသည့် မုဒိမ်းမှု ၅၃၃ မှုတွင် သက်ငယ်မုဒိမ်း ၃၆၀ မှုပါဝင်နေသည်။

Credit ; ပြည်ထဲရေးဝန်ကြီးဌာန

# မြန်မာပြည်မြောက်ပိုင်းသို့ ပျံ့ဝဲခဲ့သော လင်းယုန်ကြီး

အင်ခိုင်ဘွမ်


ဆရာကြီး ဗန်းမော်တင်အောင်


ကချင်ရိုးရာဝတ်စုံဖြင့်တွေ့ရသော ဝန်ကြီးချုပ် ဦးနုနှင့်ဇနီး

လင်းယုန်ကြီးသည် စာပေလှုပ်ရှားမှု၊ ငြိမ်းချမ်းရေးလှုပ်ရှားမှု၊ လူထုလှုပ်ရှားမှုများကြားတွင် ပျံ့ဝဲခဲ့သည်။ စစ်ပြီးခေတ်ကာလတွင် စာပေအရေးအသားကြောင့် အဖမ်းခံရသော ပထမဆုံးစာရေးဆရာဖြစ်သည်။ စာရေးဆရာ၊ သတင်းစာဆရာ၊ သမိုင်းကျမ်းပြုစုသူ၊ သဘာဝသိပ္ပံကျမ်းများကိုပြုစုသူ၊ ထောင်ထဲသို့ ဝင်လိုက်ထွက်လိုက်နှင့်အပြင်တွင်နေရချိန်နည်းသူဖြစ်သည်။ "ဗိုလ်ချုပ်အောင်ဆန်း၏အမွေခံများသည် ၎င်း၏ရာထူးအမွေကိုသာ ဆက်ခံကြသော်လည်း လူမျိုးစုများအပေါ်၌ ထားရှိကျင့်သုံးခဲ့သော ဝါဒကိုကား ချင်းနှင့်ကချင်အမျိုးသားများအပေါ်၌လည်း ဆက်ခံကျင့်သုံးခြင်းမပြုခဲ့ကြပေ။ ဗိုလ်ချုပ်အောင်ဆန်း၏ အမျှော်အမြင်ကြီးမားစွာဖြင့် စုစည်းထားပစ်ခဲ့သော ချင်းနှင့်ကချင်အမျိုးသားများကို ကွဲပြားအောင်လုပ်ခဲ့သည်။ ဤသို့ပြုလုပ်ခဲ့ခြင်းမှာ ချင်းအမျိုးသားနှင့် ကချင်အမျိုးသား အချင်းချင်း ပဋိပက္ခဖြစ်နေသ၍ ၎င်းတို့ထင်သလိုဩဇာပေးချယ်လှယ်နိုင်မည်ဟု ယုံကြည်နေကြသောကြောင့်ဖြစ်ပေသည်"ဟု ဖဆပလအစိုးရကို ဝေဖန်ခဲ့သည်။







လင်းယုန်ကြီးသည် ၁၉၅၀ ကျော်တွင် စာပေလောကသို့ ခြေစုံပစ်ဝင်ကာ လင်းယုန်ဂျာနယ်ကို ထုတ်ဝေခဲ့သည်။ ထိုအချိန်မှစ၍ ခပ်နွမ်းနွမ်းကုတ်အင်္ကျီလေးနှင့် ခပ်နွမ်းနွမ်း ပလေကပ် လုံချည်လေးကိုသာ ဒိုးခံဝတ်နေခဲ့ရသည်။ စာပေလောကသို့မဝင်ခင်က လင်းယုန်ကြီးခေါ် ဗန်းမော်တင်အောင်၏ရုပ်ပုံလွှာကို ဆရာမြသန်းတင့်က "အရပ်က ငါးပေဆယ်လက်မ၊ ကာယဗလကောင်းကောင်း၊ ရုပ်ကလည်းချော။ အမေရိကန်ဇာတ်လိုက်မင်းသား ရော့ခ်ဟတ်ဆန်နှင့် တူသလိုလို။ နံ့သာနုရောင် ပိုးပျော့စပို့ရှပ်အင်္ကျီ၊ နက်ပြာရောင် ဂွန်ဝိုက်ရှူးဖိနပ်တို့ဖြင့် သားနားနေသည်။ ပါးစပ်တွင် အင်္ဂလိပ်လုပ် ဒန်းဟီးလ်ဆေးတံကိုခဲလျက်။ အင်္ဂလိပ်တွေဆောင်းသည့် တော်ပီခေါ် ကာကီရောင်ဖော့ဦးထုပ်ကို လက်က ကိုင်ထားတတ်သည်။ အင်္ဂလိပ်စကားကို လှပသွက်လက်စွာ ပြောနိုင်သည်"ဟု သရုပ်ဖော်ခဲ့သည်။

ဗန်းမော်တင်အောင်သည် လင်းယုန်ဂျာနယ်မှနေ၍ ဖဆပလအစိုးရကို ဝေဖန်နေခဲ့သည်။ "ဖဆပလက ပြည်ထောင်စုသကြ်န်များ ကျင်းပကာ ချင်း၊ ကချင်၊ ပတောင်း၊ နာဂ၊ ကရင်စသည့် လူမျိုးငယ်များအား ခေါ်ယူစေခဲ့သည်။ ဦးနုတို့လို ဖဆပလခေါင်းဆောင်များကိုယ်တိုင်ကလည်း ချင်း၊ ကချင်စသည့် အဝတ်အစားများဝတ်ကာ လူမျိုးငယ်များ၏ အကများကို ကပြကြ၏။ တေးသီချင်းများဆိုပြကြ၏။ ခေါင်ရေများ စုပ်ပြကြ၏။ ဤသည်ကိုကြည့်၍ ဖဆပလအစိုးရသည် လူမျိုးပေါင်းစုံကို ကိုယ်စားပြုပါ၏ဟု အခိုင်အမာ အကဲခတ်ရဖို့မှာလည်း ကျွန်ုပ်တို့၏ဦးနှောက်ကင်းမဲ့သူများမဟုတ်သဖြင့် အတော်လေးဂွကျနေသည်" ဟု ဆိုခဲ့သည်။ ထိုစဉ်က ဆမားကြီးကလည်း မော်တော်ကား၊ လေယာဉ်ပျံများ ထုတ်လုပ်မည်ဟု ကြွေးကြော်နေခဲ့သည်။ ဆမားကြီးသည် စက်မှုလက်မှုကို အလွန်စိတ်ဝင်စားသူဖြစ်သည်။ တိုင်းရင်းဖြစ်ကို အားပေးရေး၊ ပြည်တွင်းဖြစ် တည်ဆောက်ရေးကို အလေးအနက်ထားနေချိန်ဖြစ်သည်။

ဤသည်ကို လင်းယုန်ကြီး ဗန်းမော်တင်အောင်က သူ၏ဂျာနယ်မှနေ၍ "နောက်ဆုံး အနုမြူဗုံးပင် လုပ်ဦးမည်ဟူ၍ပင် ကြိမ်းဝါးလိုက်သောအခါ ကျွန်ုပ်တို့က 'ဟိုးဆရာ'ဟု တားဆီးပြီး ဖင်ခေါင်းမကျယ်ဘဲနဲ့ ချီးတုံးတော့ မထွားပါနဲ့ဗျာဟူ၍ ပြောရဆိုရမလောက် အောင် အခြေအနေဖြစ်လာပေသည်။ မည်သို့ပင်ဖြစ်စေ၊ ကချင်ပြည်နယ်၌ ကားတိုက်ခိုက်မှုများ များပြားလာခဲ့သော်သို့တည်းမဟုတ် ဗမာပြည်၌ အနုမြူဗုံးကြီး မတော်တဆ ပေါက်ကွဲခဲ့သော် ဆမားကြီး၏ တာဝန်သာလျှင် ဖြစ်သည်ဟု ကျွန်ုပ်တို့က ပြင်းထန်စွာသတိပေးရင်းက ကချင်ပြည်နယ်၏ အခြေအနေကို လှမ်းမျှော်ကြည့်မိသည်"ဟု ဝေဖန်ခဲ့သည်။ ဆက်လက်၍ လူမျိုးစုပြဿနာများနှင့် ပတ်သက်၍ "ထို့ကြောင့် ဖဆပလတစ်ပါတီအစိုးရသည် မိမိတစ်ပါတီအာဏာကို မဖျက်သိမ်းသမျှ မည်သို့ပင် လူမျိုးရေးပြဿနာကို ကြိုးစားဖြေရှင်းစေကာမူ များမြောင်လှသော ပြဿနာများကား မဖြေရှင်းရသေးသည့် ပြဿနာများအဖြစ်သာ တိုးပွားလာဖို့ရှိသည်။ ဤမှလွဲ၍ ဖဆပလ တစ်ပါတီအစိုးရသည်ပင် လူမျိုးငယ်များ၏ ဝိုင်းပယ်ခြင်းကို သနားစဖွယ်ခံရမည်မှာသေချာသည်"ဟု ဆိုခဲ့ပြန်သည်။

ရခိုင်အရေးနှင့် ပတ်သက်၍လည်း ၁၉၅၂ ခုနှစ် လင်းယုန်ဂျာနယ်တွင် "စစ်တပ်ဟူသည်မှာ ပြည်သူလူထု၏ အသက်ဘေးရန်ကို ကာကွယ်ရန်အတွက်သာရှိသည်ဟု ကျွန်ုပ်တို့ နားလည်ပေးသည်။ ဤသို့ပြည်သူလူထုအား အဘက်ဘက်မှနှိပ်စက်မှုများကို ဥပဒေနှစ်မျိုးမရှိဟုဆိုသော ဖဆပလအစိုးရက တိတိကျကျအရေးယူရန် တိုက်တွန်းလိုပေသည်" ဟုဆိုခဲ့သည်။ ထို့ကြောင့်လည်း သတင်းစာဆရာဘဝတွင် အပြင်တွင်နေရသည်ထက် အကျဉ်းထောင်တွင် နေရသည့် အချိန်က များခဲ့သည်။ လင်းယုန်တွင် အေးအေးဆေးဆေး တွေ့ရသည်မရှိ။ တစ်ခါတရံ တစ်နေရာတွင် ပုန်းအောင်းပြီး စာရေးနေတတ်သည်။ ဘဝ၏ ရိုက်ခတ်မှုများကြောင့် ရုပ်ရှင်မင်းသားလုပ်ရန် ကမ်းလှမ်းခံခဲ့ရသောလူချောလူခန့်ကြီးသည် ပါးနှစ်ဖက်ခွက်ဝင်သည့် အဘိုးကြီးဖြစ်သွားသည်။ နောက်ဆုံး ဆေးရုံတက်ရသည်။ ဂူတစ်ဝိုက်ဆီမှ သိက္ခာရဆရာဦးဘမြင့်၏ အောင်မြင်ခန့်ညားသည့် ဆုတောင်းပတ္ထနာသံကို ကြားနေရသည်။ ပြီးနောက် ဓမ္မတေးသံသည် ဆွတ်ပျံ့လွမ်းမောဖွယ်။ ခရစ်ယာန်ဓမ္မတေးသံရပ်သွားသည်။ လင်းယုန်ကြီးသည် အားလုံးကို အပြီးအပိုင် ခွဲသွားခဲ့လေတော့သည်။ သို့သော် လင်းယုန်ကြီးသည် မြန်မာပြည်မြောက်ပိုင်းသို့လည်း ဝဲပျံခဲ့ဖူးလေသည်။

**ရည်ညွှန်း - လင်းယုန်ဂျာနယ်မှ ဗန်းမော်တင်အောင်ဆောင်းပါးများ**
**-မှန်တိုင်းထဲကလူ (မြသန်းတင့်)**
**- မိမိနှင့်ဗန်းမော်တင်အောင် (နတ်နွယ်)**

## ဒီနှစ်မြန်မာ့စီးပွါးရေး ၆ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်မယ်

၂၀၁၈-၁၉ ခုနှစ်တွင် မြန်မာ့စီးပွါးရေးသည် အကောင်းဘက်တွင် ရှိနေပြီး ၆ ဒသမ ၈ ရာခိုင်နှုန်းခန့် ပိုမိုတိုးတက် မည်ဟု မေလ ၁၇ ရက်ကထုတ်ပြန်သည့် ကမ္ဘာ့ဘဏ်၏ မြန်မာ့စီးပွားရေး စောင့်ကြည့်မှု အစီရင်ခံစာ တွင် ခန့်မှန်းထားသည်။ ထို့အပြင် ငွေကြေးဖောင်းပွမှုနှုန်းသည် ၂၀၁၆-၁၇ ခုနှစ် တွင် ၇ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၇-၁၈ ခုနှစ်တွင် ၅ ဒသမ ၅ ရာခိုင်နှုန်းသို့ကျဆင်းခဲ့သလို ယခုလာမည့် ၂၀၁၈-၁၉ ခုနှစ်တွင် ၄ ဒသမ ၉ ရာခိုင်နှုန်းအထိ ကျဆင်းမည်ဟု အစီရင်ခံစာက ခန့်မှန်းထားသည်။

Credit ; The Myanmar Time

# စာအုပ်စင်ကဏ္ဍ

ဒေါက်တာချစ်ကိုကို ပြုစုရေးသားထားသော ဤစာအုပ်တွင် မြစ်ဆုံရေကာတာစီမံကိန်းဆိုင်ရာ သိအပ်၊ စဉ်းစားဆင်ခြင်အပ်သော ပညာရပ်ဆိုင်ရာ အချက်အလက်များနှင့် သုံးသပ်ချက်များ ပါဝင်ပါသည်။

မြစ်ဆုံစီမံကိန်းအကြောင်း လေ့လာပြီး ဟောပြောချက်များမှ ကောက်နုတ်ကာ ဖြည့်စွက်ချက်များနှင့်အတူ ဤစာတမ်းရှည်ကို ရေးသား၍ ပြည်သူအများဖတ်ရှုနိုင်စေရန် စာအုပ်အဖြစ် ယခု ထုတ်ဝေခြင်းဖြစ်ပါသည်။




| ဆည်တည်ဆောက်ခြင်း၏ ကောင်းကျိုးဆိုးပြစ်များနှင့် မြစ်ဆုံစီမံကိန်းကို ဘူမိဗေဒအင်ဂျင်နီယာရှုထောင့်မှ ကြည့်မြင်သုံးသပ်ခြင်း |
|---|
| စာရေးသူ = ဒေါက်တာချစ်ကိုကို |
| ထုတ်ဝေသူ= နှစ်ကာလများစာပေ |
| တန်ဖိုး - ၂၀၀၀ ကျပ် |

စာအုပ်ခေါင်းစဉ်၌ ဖော်ပြထားသည့်အတိုင်း ဆည်များတည်ဆောက်ခြင်း၏ ကောင်းကျိုးများနှင့် ဆိုးကျိုးများကို ဦးစွာဖော်ပြထားပြီး ကောင်းကျိုးများအနေဖြင့် ရေအားလျှပ်စစ်ဓာတ်အား ပေါများစွာရရှိနိုင်ခြင်း၊ စိုက်ပျိုးရေးနှင့် သောက်သုံးရန်အတွက် ရေများရရှိနိုင်ခြင်း၊ ရေကြီးရေလျှံမှုကို အတော်အတန် ထိန်းပေးနိုင်ခြင်း စသည်တို့ ဖြစ်ကြသည်။

တစ်ဖက်တွင်လည်း ဆိုးကျိုးများအနေဖြင့် ရပ်ရွာများ ရွှေ့ပြောင်းပေးရခြင်း၊ သစ်တောများ ဆုံးရှုံးခြင်း၊ တောရိုင်းတိရစ္ဆာန်ကျက်စားရာ ဒေသများပျောက်ကွယ်ခြင်း၊ တွင်းထွက်သယံဇာတများ ဆုံးရှုံးနိုင်ခြင်း၊ ဆည်ဝန်ပိမှုကြောင့် ငလျင်များ လှုပ်နိုင်ခြင်း၊ ငလျင်များနှင့် ဆည်အတွင်း မြေပြိုမှုများကြောင့် ဆည်ကျိုးပြီး ဘေးအန္တရာယ်ကြီးများ ကျရောက်နိုင်ခြင်း၊ ဆည်အောက်ပိုင်းတွင် ရေနည်းခြင်းများဖြစ်ပေါ်နိုင်ကြောင်း ပါရှိသည်။

စာအုပ်၏ ဒုတိယပိုင်းတွင် မြစ်ဆုံရေကာတာ စီမံကိန်းအတွက် ဘူမိအင်ဂျင်နီယာရှုထောင့်မှ သုံးသပ်တင်ပြချက်များပါဝင်သည်။ မြစ်ဆုံဆည်သာမက အရှေ့ဘက်ရှိ မေခမြစ်ပေါ်မှ ဆည် ၅ ခုနှင့်အနောက်ဘက်ရှိ မလိခမြစ်အပေါ်မှ ဆည်တစ်ခု၊ စုစုပေါင်းဆည် ၇ ခု သည် ဆည်အတန်းအစား သတ်မှတ်ချက်အရ ၇ ခုစလုံးသည် ဆည်ကြီးများ စာရင်းဝင်နေကြောင်း အချက်အလက်များဖြင့် ထောက်ပြထားသည်။ ထို့အပြင် ၎င်းဆည်များသည်ထပ်ဆင့်ဆည်များဖြစ်သဖြင့် ဆည်များကျိုးပေါက်ခဲ့သော် ထွက်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်နှင့် ထိခိုက်နိုင်သော သဘာဝပတ်ဝန်းကျင်ဆိုးကျိုးအဆပေါင်း ဆယ်နှင့်ချီ၍ များနိုင်ကြောင်းကိုပါ ထောက်ပြထားသည်။ အထူးသဖြင့် မြစ်ဆုံဆည်နေရာနှင့် မလိခမြစ်ပေါ် တည်ဆောက်မည့်ဆည်နေရာသည် မြန်မာနိုင်ငံတွင် ငလျင်ကြီးများကို မကြာခဏလှုပ်ခတ်စေခဲ့သော စစ်ကိုင်းပြတ်ရွှေ့ကျော၏ အရှေ့ဘက် ၁၅ မိုင်ခန့် အကွာ၌ တည်ရှိနေခြင်း၊ ကျန် ဆည် ၅ ခု တည်ဆောက်မည့် မေခမြစ်ကြောင်းသည်လည်း သက်ရှင်ပြတ်ရွှေ့ကြောင်းအတိုင်းတည်ရှိနေခြင်းတို့က ငလျင်ဘေးအန္တရာယ်နှင့် နီးစပ်ကြောင်း တင်ပြထားသည်။

"မြစ်ဆုံစီမံကိန်းသည် မြန်မာပြည်အတွက် မဟာစီမံကိန်းကြီးတစ်ခု ဖြစ်ပါသည်။ လက်ရှိ မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေ၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံရေးအခြေအနေများနှင့် ချိန်ဆသုံးသပ်မည်ဆိုပါလျှင် ယခုကဲ့သို့ ကြီးမားသောစွန့်စားမှုမျိုးကို အကောင်အထည်ဖော်စွန့်စားရန် သင့်တော်ခြင်းမရှိသေးပါ။ အချိန်အခါ မကျရောက်သေးပါ။ ဘက်စုံအခြေခိုင်သောအခါမှသာ စဉ်းစားသင့်သော စီမံကိန်းမျိုး ဖြစ်ပါသည်"ဟူ၍ သုံးသပ်ဖော်ပြထားပါသည်။

ဒီတစ်ပတ် စာအုပ်စင်ကဏ္ဍအတွက် ရွေးချယ်ပေးလိုက်တဲ့နောက်ထပ် အုပ်ကတော့ လူငယ်စာရေးဆရာ စောနဒီ (မြစ်ကြီးနား)ရဲ့ ကမ္ဘာမြေရဲ့ကချေသည်ဆိုတဲ့ ဝတ္ထုတိုပေါင်းချုပ်စာအုပ်လေးဖြစ်ပါတယ်။ ဖူးငုံ၊ ဆယ်ကျော် သက်၊ ရွှေအမြုတေ၊ ချယ်ရီ၊ ပန်းအလင်္ကာ၊ Faces, Health for All, ရသမြစ်၊ မြစ်ကြီးနား တက္ကသိုလ်နှစ်ပတ်လည်အစရှိတဲ့ မဂ္ဂဇင်းတွေမှာ ဖော်ပြခဲ့တဲ့ဝတ္ထုတိုတွေကို လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀ လောက်ကတည်းက ခံစားသူအကြိုက်ဝတ္ထုတိုတွေစုစည်းထုတ်ဝေခဲ့တဲ့ ဥတ္တရလမင်းစာပေက စုစည်းထုတ်ဝေထားတာပါ။




| ကမ္ဘာမြေရဲ့ကချေသည် ဝတ္ထုတိုစာစု |
|---|
| စာရေးသူ = စောနဒီ(မြစ်ကြီးနား) |
| ထုတ်ဝေသူ= ဥတ္တရလမင်းစာပေ |
| တန်ဖိုး - ၃၀၀၀ ကျပ် |

ဆရာစောနဒီဟာ စာပေရေးသားခြင်းကို ခိုင်ခိုင်မြဲမြဲ ဖက်တွယ်သူ တစ်ဦးဖြစ်တာနဲ့အညီ သူ့ရဲ့အရွယ်နဲ့မလိုက်အောင်ကောင်းလွန်းတဲ့ စာဖတ်အား၊ စာပေအပေါ်သစ္စာရှိမှုမြတ်နိုးမှုတွေနဲ့ဖန်တီးထားတဲ့ စာပေလက်ရာကောင်းတွေ ဖြစ်ပါတယ်။

"အချစ်ဆိုတာ အခါခါသေပြီး အခါခါရှင်သန်ထမြောက်တတ်တဲ့ ပွင့်ချပ်လွှာတစ်ခုပါလို့ မိုက်မိုက်မဲမဲ မဖွင့်ဆိုချင်ခဲ့ပါ။ ဒါပေမဲ့ဖွင့်ဆိုမိခဲ့ပါပြီ။ တစ်ချိန်တစ်ခါတုန်းကတော့ အချစ်ဆိုတာ အခါခါသေပြီး အခါခါရှင်သန်တတ်တဲ့ ဝှက်ဖဲတစ်ချပ်လို့ဖွင့်ဆိုခဲ့ဖူးပါတယ်" ဆိုတဲ့ အရေးသားမျိုးလေးတွေနဲ့ "မြောက်ပြန်လေခင်ကျော့ရှင်းနဲ့အတူ အဖြူထည်စွန်းထင်းနေတဲ့ နှင်းမြူတွေ အဆုပ်လိုက်အခိုင်လိုက်ပွင့်ထတတ်တဲ့ ကျွန်တော်တို့မြို့လေးရဲ့ မီးနီ၊ မီးဝါယဉ်ကျေးမှု မဖြစ်ထွန်းသေးတဲ့ လမ်းမထက်က ဒီဇင်ဘာနှင်းပျိုလေးတွေကြားထဲမှာ ကျွန်တော်လမ်းပျောက်နေပါတယ်။ အဲဒီမှာ နှင်းဆီလို လှတဲ့စံပယ်ဆိုတဲ့သူနဲ့ တွေ့ပါတယ်"ဆိုတဲ့ အဖွဲ့အနွဲ့လေးတွေလည်းပါဝင်ပါတယ်ဆရာ့ စာပေတွေဟာ အချစ်၊ အလွမ်း၊ အကြမ်းများရေးဖွဲ့ထားတဲ့ စာစုပေါင်း၂၅ပုဒ်ပါဝင်ပါတယ်။

သွက်လက်တဲ့ရေးဟန်နဲ့ အတွေးလှလှလေးတွေကို ဖန်တီးတတ်တဲ့ ဆရာ့ရဲ့လက်ရာကလူကြီးလူငယ်မရွေး အကြိုက်တွေ့စေမယ့်စာအုပ်ကောင်းတစ်အုပ်ဖြစ်တယ်ဆိုတာ သေချာပါတယ်။

## ကဗျာကဏ္ဍ

### ချောရယ် ၂

အဂ္ဂိရတ်ဖိုထိုးသလို
ငါ့တစ်ကိုယ်လုံးပြာကျပြီး
ပြဒါးရှင်လုံးလေးလို ကျန်နေမှ
အချစ်ဆိုတာကို မင်းက ယုံမယ်တဲ့လား။

သံသယနဲ့ ကြည့်နေသ၍
အချစ်ဆိုတာလည်း မင်းတွေ့ရမှာမဟုတ်ဘူး
မင်းရင်ထဲမှာ မေတ္တာအခံနဲ့ အလင်းဖောက်ကြည့်လိုက်
ငါ့ရင်ထဲက အချစ်ဆိုတာက
ဝိုင်အမြှုပ်ကလေးတွေလို
ဖောက်ခနဲ ဖောက်ခနဲ
မင်းရင်ထဲကိုလည်း မူးယစ်ရီဝေစေရမယ်။

ရိုးမြေကျသစ္စာကို
ငါ့ရဲ့ ညာဘက်တတိယနံရိုးထဲမှာ
တိုးတိုးတိတ်တိတ်လေးထည့်သွင်းထားတယ်
မင်း ဆံထိုးလုပ်ဖို့ပေါ့။ ။

ခက်သီ

## အမည်ပြောင်းအသိပေးကြေညာခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ယုဇနရပ်ကွက် အိမ်အမှတ်(၄၀၃/C)တွင် နေထိုင်သော ဦးလချမ်းနှင့် ဒေါ်ပူနီမား တို့၏သား (အ.မ.က-၁၄)ပဉ္စမတန်းတွင် တက်ရောက်နေသော မောင်ပရိမ်း မဟာဒူး အမည်ကို မောင်ဆွတ်လနန်ဟု ပြောင်းလဲခေါ်ဆိုပေးပါရန် တရားဝင်အသိပေး ကြေညာအပ်ပါသည်။

## အမည်ပြောင်းအသိပေးကြေညာခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်၊ နေအိမ်အမှတ်(၄၉) တွင်နေထိုင်သော ဦးပါဘူရမ်းနှင့် ဒေါ်ဂန်ဂါးဒေဗီတို့၏သမီး (အ.ထ.က(ခွဲ) အ.လ.က-၃) တတိယတန်းတွင် တက်ရောက်နေသော မဂီသားဒေဗီအမည် ကို မပိုးစန္ဒာဟု ပြောင်းလဲခေါ်ဆိုပေးပါရန် တရားဝင် အသိပေးကြေညာအပ်ပါသည်။

## အမည်ပြောင်းအသိပေးကြေညာခြင်း

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့ အ.ထ.က(၁)နဝမတန်းတွင် တက်ရောက်နေသော မစုပိုပိုအောင်၏ ဖခင်အမည်မှန်မှာ ဦးသက်နိုင်(၁/ဝမန(နိုင်)၀၄၄၂၉၁) ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

# လုယက်မှုလျှော့နည်းကျဆင်းရေးအတွက် ပျိုးအဖွဲ့ကလေ့လာဆန်းစစ်

မြစ်ကြီးနား၊ မေ ၂၈

ပြည်သူများအနေဖြင့် လုယက်ခံရသည့်အခါ ရဲစခန်းသို့ သွားရောက်မတိုင်ကြားဘဲ နေခြင်းထက် လုယက်ခံရတိုင်း ရဲစခန်းသို့ သွားရောက်တိုင်တန်းကြရန် အရေးကြီးသည်ဟု မြစ်ကြီးနားမြို့အတွင်းဖြစ်ပေါ်နေသည့် လုယက်မှုများနှင့်ပတ်သက်သော လူထုစစ်တမ်းတွေ့ရှိချက် အစီရင်ခံစာပြုစုသည့် ပျိုးလူမှုဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆွတ်ဘွမ်ရိန်က ပြောသည်။

"လူထုကနေပြီးတော့လည်း ရဲတွေက ဒီလောက်လုယက်မှုဖြစ်တာ ဘာမှမလုပ်ပေးဘူးဆိုတာမျိုး မပြောဘဲနဲ့ သွားပြောတာမျိုး လုပ်ဖို့ပြောချင်ပါတယ်။ ရဲတွေကရဲအင်အား မလုံလောက်လို့ဆိုတဲ့ အကြောင်းပြချက်က များသောအားဖြင့် ကြားနေရတာမျိုးတွေရှိတဲ့အတွက်ကြောင့်ပါ။ လူထုတွေတိုင်ပြီ၊ တိုင်ကြားချက်တွေများလာပြီဆိုရင်တော့ ရဲတွေကလည်း ထိုင်နေလို့မရတော့ဘူး။ လှုပ်ရှားရတော့မှာဖြစ်ပါတယ်။ ဒါကြောင့် အဓိကအရေးကြီးတယ်လို့မြင်ပါတယ်" ဟု ဦးဆွတ်ဘွမ်ရိန်က ပြောသည်။

ရဲစခန်းများကလည်း ပြည်သူများ အမှုဖွင့်တိုင်ကြားရာတွင် အဆင်ပြေစေရန် ဖုန်းဖြေကြားမည့်သူနှင့် ချက်ချင်းလိုက်လံဆောင်ရွက်ပေးမည့်ရဲတပ်ဖွဲ့ဝင်များကို အဆင့်သင့်ထားရှိစေလိုကြောင်းနှင့် တိုင်ကြားလာသည့်အမှုများကို ထိရောက်စွာ တုန့်ပြန်အရေးယူပေးရန်လည်း လိုအပ်ကြောင်း အကြံပြုပြောကြားခဲ့သည်။

လုယက်မှုကျူးလွန်သူများတွင် လူငယ်အများဆုံးပါဝင်နေသည်ကို တွေ့ရသည့်အတွက် လူငယ်ထုတွင် မူးယစ်ဆေးဝါး သုံးစွဲမှုလျော့ကျရေး အသိပညာပေးသင်တန်းများဖွင့်လှစ်သင်ကြားပေးစေလိုကြောင်းနှင့် အလုပ်အကိုင်ရရှိမှုများပြားလာစေရန် ပြည်သူ၊ အစိုးရအဖွဲ့၊ လူမှုအဖွဲ့များက အခွင့်အရေးများ ဖန်တီးပေးရန်လည်း လိုအပ်သည်ဟုဆိုသည်။

အဆိုပါစာတမ်းအရ လုယက်မှုကျူးလွန်ခံရသူ ၈၀ ရာခိုင်နှုန်းခန့်သည် အမျိုးသမီးများဖြစ်နေသည့်အတွက် အမျိုးသမီးများ လုံခြုံမှုရရှိရန် မည်သို့လုပ်ဆောင်ရမည်၊ ရဲဌာနမှမည်သို့လုပ်ဆောင် ပေးသွားမည်ဆိုသည့် အချက်များမှာလည်း မေးခွန်းထုတ်စရာဖြစ်နေသည်ဟုလည်း ၎င်းက ပြောသည်။

"လုယက်မှုနဲ့ပတ်သက်ပြီး ရှိတော့ရှိပေမယ့် အသေးအမွှားတွေမဟုတ်တော့ဘူး။ ကြီးမားတဲ့လုယက်မှုတွေဖြစ်တဲ့ ခေါင်းပြ တိုက်တာမျိုးတွေရှိလာပါတယ်။ ဒီနှစ်ပိုင်းမှာတော့ လျော့သွားတဲ့အနေအထားမှာ ရှိပါတယ်။ မိုးတွင်းကာလမှာ ရှိတယ်လို့ ကြားရတာမျိုးရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ ရွှေပြောင်းအလုပ်သမားတွေ အလုပ်နားချိန်ဖြစ်တဲ့အတွက် အဖြစ်များတယ်လို့ ကြားရပါတယ်" ဟုဦးဆွတ်ဘွမ်ရိန်က ပြောသည်။

ယခင်နှစ်က လုယက်မှုဆက်တိုက်ဖြစ်ပွားခဲ့ခြင်းကြောင့် ကျူးလွန်ရခြင်းအကြောင်းအရင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများ နှင့် ပြည်သူများ ပူးပေါင်းဖြေရှင်းနိုင်မည့်နည်းလမ်း၊ လုယက်ခံရမှုအပေါ် ပြည်သူလူထု၏ ခံစားချက်၊ အမြင်၊ သဘောထားများကို သိရှိရန်နှင့် ပြည်သူနှင့်တာဝန်ရှိသူများအကြား သတင်းအချက်အလက်များ ပွင့်လင်းမြင်သာစွာမျှဝေနိုင်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ဖော်ဆောင်ရန်အတွက် လေ့လာမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လေ့လာတွေ့ရှိချက်အပေါ် ပျိုးအဖွဲ့မှအကြံပြုထားသည်မှာ လုယက်မှုများလျော့နည်း ပပျောက်စေရေးအတွက် သက်ဆိုင်ရာအစိုးရတာဝန်ရှိသူများအနေဖြင့်ပြည်သူလူထု၊ ဘာသာရေးအသင်းအဖွဲ့၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ လူထုအခြေပြုမူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ နည်းလမ်းဖော်ထုတ်ရန်၊ ပြစ်မှုကျူးလွန်သူများအား ထိထိရောက်ရောက် အရေးယူဆောင်ရွက်ပေးရန်၊ လောင်းကစားဝိုင်းများ ထိထိရောက်ရောက်တားဆီးရန်လိုအပ်ကြောင်း ပါဝင်သည်။

ထို့အပြင် လမ်းများတွင် လုံခြုံရေးဆိုင်ရာ CCTV ကင်မရာများ တပ်ဆင်ပေးရန်၊ လုံခြုံရေးအင်အား တိုးမြှင့်ခန့်ထားပြီး လှည့်ကင်းများပိုမိုဆောင်ရွက်ရန်၊ လုယက်မှု၊ အခြားပြစ်မှုဆိုင်ရာနှင့် ရဲလုပ်ထုံးလုပ်နည်းများကိုပြည်သူသိရှိအောင် အသိပညာပေး အစီအစဉ်များပြုလုပ်ရန်၊ ပြည်သူများအနေဖြင့်လည်းတာဝန်ယူမှုအခန်းကဏ္ဍတိုးမြှင့်ရန်၊ လုယက်မှုများ ဖြစ်ပွားချိန်တွင် သက်ဆိုင်ရာတာဝန်ရှိသူများထံ အမြန်ဆုံးအကြောင်းကြားရန်၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူလူထုပူးပေါင်း၍ ရပ်ကွက်လုံခြုံရေးလှည့်ကင်းများ ပြုလုပ်ဆောင်ရွက်ရန်၊ လူငယ်များကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်၊ ပျက်စီးနေသော လူငယ်များကို ဘာသာတရားဖြင့် လမ်းမှန်ရောက်အောင် ထိန်းသိမ်းပေးရန်၊ မိဘများကလည်း သားသမီးများကို သေချာထိန်းသိမ်းရန်ဟူသည့် အချက်များကို တွေ့ရှိခဲ့ကြောင်း သိရသည်။

မွန်းမွန်းပန်

# စစ်ဘေးတိမ်းရှောင်ရင်း ကလေးမီးဖွားခဲ့သူ စစ်ရှောင်စခန်းသို့ရောက်ရှိ

မြစ်ကြီးနား၊ မေ ၂၈

တိုက်ပွဲကြောင့် တောလမ်းခရီးကို တစ်လနီးပါးတိမ်းရှောင်စဉ် တောလမ်းခရီးတွင် မီးဖွားခဲ့သော အသက် ၂၃ နှစ်အရွယ်မဒွဲဘူသည်မြစ်ကြီးနားမြို့၊ နောင်နန်းဂျော်မဆတ်နှစ်ခြင်းစစ်ရှောင်စခန်းသို့ မေလ ၂၃ ရက်က ရောက်ရှိခဲ့ကြောင်း သိရသည်။



တောလမ်းမှာ ဘယ်လိုမီးဖွားမလဲဆိုပြီး ပြောမပြတတ်လောက်အောင် စိုးရိမ်မှုတွေများစွာရှိခဲ့တယ်။ တောမှာဆိုတော့ ကလေးအတွက် ဘာဆေးတွေမှလည်း မပါခဲ့ဘူး။ ဆရာမတွေလည်း မရှိတော့ အရမ်းစိုးရိမ်ခဲ့တယ်"ဟု ဒေါ်ဒွဲဘူက ပြောသည်။

ထွက်ပြေးတိမ်းရှောင်လာစဉ် ရုခဆိုသည့်နေရာ ရောက်သည့်အချိန် ဧပြီလ ၂၉ ရက် တနင်္ဂနွေနေ့၊ လပြည့်ည ၁၁ နာရီအချိန်တွင် ဖွားမြင်ခဲ့ပြီး သူ့သားလေးကို မောင်ဇော်လော့ဒ်အောင် (Zau Lawt Awng)ဟု အဘွားဖြစ်သူက နာမည်ပေးခဲ့သည် ဆိုသည်။

ထိုညက ၎င်းတို့တိမ်းရှောင်နေသည့် နေရာအနီးတွင် ကေအိုင်အေဆေးတပ်မှ သူနာပြုစစ်သမီးများ ရောက်ရှိလာပြီး ကူညီမွေးဖွားပေးခဲ့ကြောင်း သိရသည်။

"ကျွန်မသားလေးကို ပညာတတ်ကြီး၊ ဓမ္မဆရာကြီးတစ်ယောက်ဖြစ်အောင် ကြိုးစားပေးသွားမယ်လို့ ရည်ရွယ်ထားတယ်" ဟု မဒွဲဘူကပြောသည်။

ကလေးမီးဖွားပြီးနောက် တောထဲတွင်နှစ်ပတ်ကျော်သုံးပတ်ခန့်နေထိုင်ခဲ့ပြီး နှစ်ခြင်းဘာသာဝင်စစ်ရှောင်များ ခိုလှုံနေသည့် ဂျော်မဆတ်ဘုရားကျောင်းသို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။

ထိုတောလမ်းတွင် သူမနှင့်အတူမီးဖွားခဲ့သော အခြားမိသားစုလည်းရှိကြောင်းသိရပြီး တနိုင်းမြို့ ရိုမန်ကက်သလစ်ဘုရားကျောင်းတွင် ရောက်ရှိနေကြောင်း သိရသည်။

ရွာသား ၂၀၀၀ ခန့်ရှိသည့် အောင်လော့ဒ်ကျေးရွာတွင် ဧပြီလ ၁၁ ရက်က တပ်မတော်မှ လက်နက်ကြီးများဖြင့်ပစ်ခတ်ခဲ့သဖြင့် ရွာသားများထွက်ပြေးလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လဖိုင်လု

# Movie View

▶ ယခုအပတ် ရော(မြစ်ကြီးနား)ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ

မြစ်ကြီးနားမြို့ ဇေရာရုပ်ရှင်ရုံတွင်ပြသမည့်ဇာတ်ကား
၁ - ၆ - ၂၀၁၈ မှ ၇ - ၁ - ၂၀၁၈ အထိ
မြန်မာကားကို နေ့လယ် ၁၂ နာရီ ၄၅ မိနစ်မှာတစ်ကြိမ်၊ ၆ နာရီ ၄၅ မိနစ်မှာတစ်ကြိမ် - ငါ့ကိုနမ်းတဲ့မုန်တိုင်း
နိုင်ငံခြားကား ညနေပိုင်း ၃ နာရီခွဲတွင် - STAR WAR SOLO






## အမည်ပြောင်းအသိပေးကြေညာခြင်း

ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ နောင်ချိန်းကျေးရွာ၊ နယ်မြေ(၁)တွင် နေထိုင်သော ဦးဆောကင်ကို ဦးသန်းထိုက်ဟု မှားယွင်းနေသောကြောင့် နာမည်အရင်းမှန်မှာ ဦးဆောကင် (၁/ဝမန(နိုင်)၀၃၈၇၄၃)ဖြစ်ကြောင်း တရားဝင်အသိပေးကြေညာအပ်ပါသည်။

## အမည်ပြောင်းအသိပေးကြေညာခြင်း

ကချင်ပြည်နယ်၊ ဟိုပင်မြို့ အ.ထ.က(ခွဲ) ရပ်ကွက်(၁၃)၊ ဆဋ္ဌမတန်းတွင် တက်ရောက်နေသော မမျိုးသန္တကို ၏ ဖခင်အမည်မှန်မှာ ဦးသက်နိုင်(၁/ဝမန(နိုင်)၀၄၄၂၉၁) ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

## အမည်ပြောင်းအသိပေးကြေညာခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ ရာဒါကောင်(ဘီ) အိမ်အမှတ်(၂၅၂) တွင်နေထိုင်သော အဘဦးယဉ်မင်းဦးနှင့် အမိဒေါ်ဖြူဖြူသိန်း တို့၏ သမီး အ.မ.က ရာဒါ(ဘီ) စတုတ္ထတန်းတွင် တက်ရောက်နေသော မဖြူဖြူကျော်သိန်း ကို ယခုမှစ၍ မဖြူယဉ်မင်းသွင်ဟု ပြောင်းလဲခေါ်ဆိုပေးပါရန် အသိပေးကြေညာအပ်ပါသည်။

www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal

မြစ်ကြီးနားသတင်းဂျာနယ်
( ဇွန် ၁ - ဇွန် ၇၊ ၂၀၁၈ )

# တနိုင်းအောင်လောဒ့်ရွာမှ စစ်ဘေးတိမ်းရှောင်လာပြီး ဂျော်မဆတ်ဘုရားကျောင်းတွင် မှီခိုနေထိုင်သူများ ကေအိုင်အိုထိန်းချုပ်နယ်မြေ အောင်လော့ဒ်ဒေသမှ စစ်ဘေးတိမ်းရှောင်လာသူတို့၏ သားသမီးများ အ နေဖြင့် အစိုးရအုပ်ချုပ်မှု အောက်ရှိကျောင်းများ၌ တက်ရောက်မည်ဆိုလျှင် အတန်းတစ်တန်းလျှော့၍ တက်ရောက်ရမည်ဆိုခြင်းအပေါ် မိဘများ၏ ခံစားချက်။



**ဒေါ်လုရာ**

ကလေးတွေက သူတို့အသက်နဲ့အတန်းက မတူရင်တော့ ကလေးတွေစိတ်ပျက်သွားမှာ စိုးရိမ်နေတာလေ။ မြို့ဘက်က ကလေးတွေက သူတို့အသက်နဲ့အတန်းကကိုက်နေတာ။ ဒီဘက်ကလာတဲ့ ကလေးတွေက အတန်းနဲ့အသက်အပြင် ကိုယ်ခန္ဓာလည်း မတူရင် သူတို့စိတ်ထဲမှာ ခံစားနေရပြီး ကျောင်းထွက်သွားမှာကို စိုးရိမ်နေတာ။ ကျွန်မသားက အခု ၅ တန်းအောင်ထားတာ အသက်က ၁၄ နှစ်ရှိပြီ။ ဒီမှာရှိတဲ့သူငယ်ချင်းတွေ က ၁၀ တန်းရောက်နေပြီလေ။ အခုတောင် ကျောင်းထွက်တော့မယ်ပြောနေတာ။ ဒီလိုတစ်တန်းဆုတ်ပြီး ကျောင်းပြန်နေရမယ်ဆိုတော့ ကလေးတွေအတွက် တကယ်စိတ်မကောင်းပါဘူး။



**ဒေါ်ခွဲလိန်**

ကျွန်မကလေးတွေက အမြွှာဖြစ်တယ်၊ သမီးလေးတွေပေါ့။ အစ်မဖြစ်သူက ပိုလီယိုဖြစ်ပြီး နည်းနည်းလေး သူ့ညီမထက်နောက်ကျနေတာ။ ရွာမှာတော့ ဆရာမတွေ နားလည်မှုနဲ့ သူ့ကို ၁ တန်းမှာ ထားထားပေးတယ်။ အခုသူ့ကို ဘယ်ကျောင်းမှာ ထားရမယ်ဆိုတာမသိရသေးလို့ သူ့အတွက်စိုးရိမ်နေတာ။ သူက ကျောင်းတက်မယ်လို့ပဲ ပြောနေတာလေ။ သူ့ညီမကတော့ အခု ၈ တန်းတက်မှာဖြစ်တယ်။



**ဦးဘောက်နော်**

အခုလက်ရှိ ကျွန်တော်တို့ဖြစ်နေတဲ့ အခြေအနေအရ ကျွန်တော်တို့ဘက်မှ အာမခံချက်ပေးနိုင်တာ ဘာမှမရှိဘူး။ မြို့အတွင်းမှာ ပြန်ရွှေ့လာမယ်ဆိုရင် ကျွန်တော်တို့က ပြည့်ပြည့်စုံစုံမပါလာခဲ့တဲ့အတွက် ကျောင်းပြောင်းလက်မှတ်တောင် မပါခဲ့ဘူးလေ။ အားလုံးပစ်ထားခဲ့ရတာ၊ ဒါပေမဲ့ တစ်ဖက်ကနေကြည့်ပေးစေချင်တာတော့ ဟိုမှာ ၇ တန်းအောင်ပြီဆိုရင်လည်း ရက်တိုနဲ့ကျောင်းစားမေးပွဲကို ပြန်ဖြေစေချင်တယ်။ ပြီးတော့အတန်း ပြန်တက်ပေါ့။ အခုကျွန်တော်တို့က ကျောင်းပြောင်းလက်မှတ်လည်းမရဆိုတော့ ဆရာ/မတွေလည်းအားလုံး ကိုယ့်ဟာကိုယ်ထွက်ပြေးလာခဲ့ကြတယ်ဆိုတော့ ကျွန်တော်တို့ကို ထောက်ပံ့ပေးဖို့ဘယ်သူမှမရှိတော့ဘူးလေ။ ဒါကြောင့် စာမေးပွဲပြန်ဖြေပေါ့၊ စာမေးပွဲမဖြေဘဲ ဒီအတိုင်းပဲနေရမယ်ဆိုရင် ကလေးတွေရဲ့ စိတ်မှာ ဘယ်လိုခံစားရလဲပေါ့။ သူတို့အနေနဲ့က အရမ်းကြိုးစားပြီးအောင်ခဲ့ပြီလေ. . . အောင်ပြီးသားကို အဲဒီတန်းမှာပဲ ပြန်နေရမယ်ဆိုတော့ ကျွန်တော်တို့ကလည်း ခက်ခက်ခဲခဲနဲ့ သူတို့အတွက်လုပ်ပေးခဲ့တာလေ. . စာသင်နှစ် တစ်နှစ်အောင်မြင်ဖို့ ကြိုးစားပေးခဲ့တာလေ။

# စစ်ဘေးရှောင်ကျောင်းသားအယောက်တစ်ရာကျော် နေရပ်ပြန် ကျောင်းတက်



မြစ်ကြီးနား၊ မေ ၂၉

တိုက်ပွဲကြောင့် အင်ဂျန်းယန်မြို့နယ်မှ တန်ဖရဲကျေးရွာသို့ ထွက်ပြေးတိမ်းရှောင်လာသူ ကျောင်းသားတစ်ရာကျော်သည် လက်ရှိဒေသတွင် ကျောင်းတက်ခွင့်ရမရ မသေချာ၍ ၎င်းတို့၏ မူလနေရပ် အင်ဂျန်းယန်မြို့နယ်သို့ ပြန်သွားကြကြောင်း သိရသည်။

တန်ဖရဲစစ်ရှောင်စခန်းမှ အင်ဂျန်းယန်မြို့နယ်သို့ ကျောင်းတက်ရန် ပြန်သွားသည့် ကျောင်းသားများသည် မေလ ၁၈ ရက်နေ့မှစတင်၍ ဆိုင်ကယ်၊ လိုင်းကားတို့ဖြင့် တစ်ဦးချင်း၊ နှစ်ဦးချင်းပြန်သွားကြကြောင်း တန်ဖရဲစစ်ရှောင်စခန်းမှ ဒုတိယတာဝန်ခံ ဦးတူးမိုင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

“အင်ဂျန်းယန်ကျောင်းမှာ ကျောင်းနေနိုင်တယ်ဆိုလို့ ၂၆ ရက်နေ့က သွားခိုင်းလိုက်တယ်။ သူ့သူငယ်ချင်းနဲ့ ဆိုင်ကယ်နဲ့တက်သွားတာ။ ကျွန်တော်သားသမီးတွေက ၁၀ တန်း ၂ ယောက်၊ ၈ တန်း ၃ ယောက်ဆိုတော့ မနှစ်ကလည်း အင်ဂျန်းယန်မှာတက်တယ်ဆိုတော့ သူ့ကို ပြန်ပို့လိုက်တာ။ ကျွန်တော်တို့အသင်းတော်က ဘုန်းတော်ကြီးတွေ ကူညီပေးတဲ့အတွက် ပို့တက်ထားတာ။ ကျွန်တော်တို့ကလည်း ကလေးတွေကို ထောက်ပံ့ပေးဖို့ မတတ်နိုင်လို့ ပို့လိုက်တယ်”ဟု ဦးတူးမိုင်က ပြောသည်။

တန်ဖရဲစစ်ရှောင်စခန်းသို့ ရောက်ရှိလာသည့် စစ်ရှောင်လာသူများကို နေရပ်ပြန်ခွင့် ပေးမထားသော်လည်း ကျောင်းသားဟောင်းများ အင်ဂျန်းယန်ကျောင်းသို့ ပြန်နိုင်ကြောင်း သတင်းရခြင်း၊ လက်ရှိစစ်ရှောင်စခန်းတွင် ငွေကြေးများ အခက်အခဲရှိခြင်းတို့ကြောင့် ရွာသို့ပြန်ရန် ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း ဦးတူးမိုင်က ပြောသည်။

အင်ဂျန်းယန်မြို့နယ်သို့ ကျောင်းတက်ရန် ပြန်သွားကြသည့် ကျောင်းသူ/သားများသည် စတုတ္ထတန်းအရွယ်မှ ဒသမတန်းအရွယ်အထိ ကျောင်းသားများဖြစ်ကြပြီး ကလေးအချို့သည် ဆိုင်ကယ်များ၊ လိုင်းကားများ၊ လွှတ်တော်အဖွဲ့မှသွားသည့် ကားများဖြင့် လိုက်ပါသွားခဲ့ကြောင်း သိရသည်။

ယခုပြန်သွားသည့် ကျောင်းသူ/ သားများသည် အင်ဂျန်းယန်မြို့နယ်အတွင်းရှိ ဂွမ်ဆန်ယန်၊ အင်မာယန်၊ ကောင်ရာ၊ ဂျာထူယန်ကျေးရွာများမှဖြစ်ကြောင်း သိရသည်။

တပ်မတော်၏ ခွင့်ပြုချက် မရ၍ အင်ဂျန်းယန်ရွာ၊ အင်လောက်ယန်ရွာ၊ အင်ဂိုင်းကောင်ရွာတို့တွင် လူဦးရေ ၆၀၀ ကျော် ကျန်ရှိနေသေးသဖြင့် ထိုဒေသတွင် ကျောင်းပြန်ဖွင့်ရခြင်းဖြစ်ကြောင်း သိရပြီး အင်ဂျန်းယန်မြို့နယ်သို့ ပြန်သွားသည့် ကျောင်းသူ/သား အများစုမှာ ရွာတွင်ကျန်ရှိနေသောမိဘတို့၏ သားသမီးများဖြစ်ကြောင်း သိရသည်။

ကေအိုင်အိုထိန်းချုပ်နယ်မြေဖြစ်သည့်ဂျာထူယန်ရွာ၊ဂွမ်ဆန်ယန်ရွာမှ စစ်ရှောင် ကျောင်းသူ/သား များသည်လည်း အင်ဂျန်းယန်ကျောင်းတွင် တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

အင်ဂျန်းယန်ဒေသမှ ပြောင်းရွှေ့လာသော စစ်ရှောင်ကျောင်းသားများ ကျောင်းတက်နိုင်ရန်အတွက် တန်ဖရဲဒေသတွင် ပြည်နယ်အစိုးရက အလယ်တန်းအဆင့်ကျောင်း တစ်ကျောင်း တည်ဆောက်ပေးသွားမည်ဟုလည်း သိရသည်။

လဖိုင်လု

ICRC

The International Committee of the Red Cross (ICRC) delegation in the Republic of the Union of Myanmar is an independent, impartial and neutral humanitarian organization. The ICRC undertakes humanitarian activities in various regions of the country and promotes international humanitarian law and universal humanitarian principles.

ICRC

**The ICRC is looking for suitable candidates to fill the following vacancy:**

## Logistician

**Reference Number: LOG_MYI_2018001**

To be based in Myitkyina with frequent travel to Kachin State

**Duties and Responsibilities**

- As a logistician you will manage purchasing under minimum supervision, including tender preparation, contract drafts and drafting addendums and omissions.
- You will responsible from the initial requisition order until final delivery, and ensure full tender process as per ICRC requirement.
- You will perform in field purchasing and field transportation in the operational areas.
- You will create and submit Purchase Order for signature to the concerned parties and the supplier.
- You will confirm that reception, inspection of all items delivered to all types of stocks and documents signature (entry forms, packing lists, way bills) is done correctly.
- You will match the cargo against waybill, packing list and to inform YAN LOG and MAY-LOG.
- You will submit claim reports to the Logistics Site Manager/Logistic Coordinator for validation.
- Furthermore, you will keep files up to date at all times (purchase order files, Archive files, requisition orders files, vehicle files, and supplier files).

**Required profile**

- It is required to have a university degree in a relevant discipline.
- You should have a least 4 years work experience, preferably in commercial, military or humanitarian logistics.
- You should have the ability to work with different groups, partners and nationalities, self-motivated with a strong commitment to teamwork and humanitarian principles.
- Good Computer Skill. Your communication skills should be excellent and you should be fluent in written and spoken English as well as Myanmar language. The knowledge of local dialects spoken is a definite asset.
- Previous ICRC experience is also a strong asset.

**What we offer**

- We offer an employment contract of 12 months with the possibility of extension.
- Fair compensation package including, for example, medical coverage and transportation allowances.
- Various training opportunities to develop and strengthen the quality of the services provided to our beneficiaries as well as to support our staff members' professional and personal development.

All applications should include an **updated CV** and a **cover letter** expressing your motivation working with the ICRC and in the vacant position in English language. Your application should include contact details of three professional referees minimum, as well as your salary expectations.

Please send your application no later than 07 **June 2018**. Interviews are expected to take place within 2 weeks days after the application closing date.

You can also submit your application via mail to:
yan_hr_recruitment_services@icrc.org
ICRC - Human Resources Department
No.2(C)-5, Kaba Aye Pagoda Road
8th Mile, Mayangone Township
Yangon
Or
akhaing@icrc.org
ICRC Sub Delegation Myitkyina- Human Resources Department
448, Myay Myint Ward, Lane 13,
Myitkyina, Kachin State.

## KBZ Air Line (Daily)

| Yangon | Mandalay | Myitkyina | Mandalay | Yangon |
|---|---|---|---|---|
| 13:00 | 14:00 | 16:00 | 17:30 | 18:55 |

## Myanmar National Airlines (Daily)

| Myitkyina - Yangon | |
|---|---|
| ထွက်ချိန် | 4:25 |
| ရောက်ချိန် | ------- |

| Myitkyina - Potao | |
|---|---|
| ထွက်ချိန် | 10:00 |
| ရောက်ချိန် | ------- |

| Myitkyina - Banmaw | |
|---|---|
| ထွက်ချိန် | 12:45 |
| ရောက်ချိန် | ------- |

# ဝန်ထမ်းအလိုရှိသည်

**Allianz**
Admin - မ (၁)ဦး
Marketing - ကျား၊မ (၁)ဦး
Techmical support - ကျား(၁)ဦး
Office helper - ကျား(၁)ဦး
၀၉ - ၄၄၀၀၀၂၂၇၆

**မနော်ရွှေစင် တိုင်းရင်းရိုးရာအထည်ဆိုင်**
ဝန်ထမ်း မ(၂)ဦး အလိုရှိသည်။

**မြေမြင့်အပေါင်ဆိုင်**
စာရေးမ (၁)ဦး

**ရွှေရှပ်လွှာ Beauty Saloon**
အမျိုးသမီးဝန်ထမ်း (၁၀)ဦး

**ဥမ္မာဖိနပ်ဆိုင်**
အရောင်းစာရေးမ (၁)ဦး

**ယူနိုက်တက် ဟိုတယ်**
ဝိတ်တာ
ကျား(၁) ဦး၊ မ(၁)ဦး
Breakfast အကူ မ (၁)ဦး

ကျား(၁)ဦး
ဆက်သွယ်ရန်ဖုန်း -
၀၉ ၄၂၀၅၃၇၇၃၃၂၊
၀၉ ၇၆၇၁၇၅၆၀၆
အသက် ၁၈ နှစ်အထက် ဖြစ်ရမည်။

**မယ်မဒီ**
စက်ချုပ်ကျွမ်းကျင်
မ (၅) ဦးအလိုရှိသည်

**ဟာဝိုင်ယီ အအေးဆိုင်**
စားပွဲထိုး (၂) ဦး
ပန်းကန်ဆေး (၁) ဦး

**Amazing View**
အမျိုးသမီးဝန်ထမ်း အလိုရှိသည်။

**Grace Beauty Spa**
ဝန်ထမ်း မ (၁) ဦးအလိုရှိသည်။
၀၉-၇၇၄၇၃၆၅၀၁

**Wun Tawp Motel**
ကျား(၁)ဦး၊ မ(၁)ဦး
မှတ်ချက် - လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

**Hotel Madira**
Receptionist (1) post
(Fluent in chinese language)
Bartender (1)post
Waiter(F&B) (1)post

Dear Wedding Photo Studio
ဝန်ထမ်းအလိုရှိသည်

**Ah Fang (Beauty Saloon)**
ဝန်ထမ်းအလိုရှိသည်။

❑ **အလုပ်အကိုင်ရှာဖွေနေသူများ မြစ်ကြီးနားသတင်းဂျာနယ်သို့ လာရောက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။**

# ဆေးရုံဖုန်းနံပါတ်များ

**(၁) အထွေထွေပြည်သူ့ဆေးရုံကြီး**
Ph - 074-22303 (ဆေးရုံအုပ်ကြီး)

**(၂) အေးသုခ**
(အဆင့်မြင့်ရောဂါရှာဖွေရေးနှင့်အထွေထွေရောဂါကုဆေးရုံ)
Ph - 074 23752,/ 23757/ 23758/ 23759/ 20632,
09 793805866, 0979195573

**(၃) မလိခွပ်**
(အဆင့်မြင့်ရောဂါရှာဖွေရေးနှင့်အထွေထွေရောဂါကုဆေးရုံ)
Ph - 0944844404, 09456301116, 09789438465

**(၄) သင်းသုခ**
(အထွေထွေရောဂါကုဆေးရုံ)
အ. ထ. က(၂)ရှေ့၊ ပေါက်ကုန်းရပ်၊ ဗန်းမော်မြို့
Ph - 074 50579, 09 47018065

**(၅) မြတ်မွန်အဆင့်မြင့်ဆေးရုံ**
(ရောဂါရှာဖွေရေးနှင့် အထူးကုဆေးခန်း)
Ph - 074 23257/ 20533/ 21593, 09 24010034, 09 2401035

# Airport Taxi

**ဖုန်းနံပတ်များ**

(၁) ကိုစိုးသိန်း ၀၉ ၄၀၀၀၂၄၃၇၉
(၂) ကိုစိုး ၀၉ ၄၀၀၀၈၃၈၀
(၃) ကိုစိုင်းကို ၀၉ ၄၅၀၅၄၆၂၆၈၆, ၀၉ ၇၉၀၄၃၃၇၁၅
(၄) ကိုပြုံးချို ၀၉ ၇၈၄၇၈၇၇၉
(၅) ကိုလွင်ဦး ၀၉ ၅၄၁၄၀၂၉
(၆) ကိုအောင်ဆွေ ၀၉ ၄၄၄၀၃၁၄၉၃
(၇) ကိုလှထွန်း ၀၉ ၂၅၆၄၅၅၂၂၆

www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal

မြစ်ကြီးနားသတင်းဂျာနယ်
( ဇွန် ၁ - ဇွန် ၇၊ ၂၀၁၈ )

# အသစ်တိမ်းရှောင်လာသော ကျောင်းသားအချို့တက်ရမည့်ကျောင်း မသိသေး

မြစ်ကြီးနား၊ မေ ၂၈

ယခုနှစ်ဧပြီနှင့် မေလအတွင်းက အသစ်တိမ်းရှောင်လာသည့် စစ်ရှောင်မိသားစုမှ ကျောင်းသားများသည် ကျောင်းဖွင့်ရာသီရောက်သည့်တိုင် မည်သည့်ကျောင်းတွင် အပ်နှံရမည်ကို မသိရသေးကြောင်း စစ်ရှောင်စခန်းတာဝန်ခံများထံမှ သိရသည်။

အစိုးရတာဝန်ရှိသူများက ကျောင်းသားစာရင်း လာရောက်ကောက်ခံသွားသော်လည်း ၎င်းတို့တက်ရောက်ရမည့်ကျောင်းကို လာရောက်ပြောဆိုခြင်းမရှိခဲ့ဟု မြစ်ကြီးနားမြို့နယ်၊ တန်ဖရဲကျေးရွာ ကက်သလစ်ဘုရားကျောင်းရှိ စစ်ရှောင်စခန်းတာဝန်ခံ ဦးတန်ဂျာက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"အခုချိန်ထိလည်း မသိရသေးဘူး။ နာမည်စာရင်းတွေက ကောက်ရုံသက်သက်ပဲ ကောက်သွားတယ်။ ဟိုတလောကတော့ ယာယီကျောင်းဆောင်ကို ပြည်နယ်အစိုးရကပဲ ဆောက်ပေးတော့မလိုလို ဘာလိုလိုနဲ့ ဘာဆိုဘာမှလည်း မသိရသေးဘူး။ နောက်ပြီး ကလေးတွေအတွက် ဘာထောက်ပံ့ရေးပစ္စည်းမှလည်း မရဘူး"ဟု ဦးတန်ဂျာကပြောသည်။


စစ်ဘေးတိမ်းရှောင်လာသည့် ပြည်သူများ ဓါတ်ပုံ- ဆန်လတ်

ပြည်နယ်ပညာရေးမှူးရုံးမှ ရရှိသော စာရင်းများအရ မြစ်ကြီးနားမြို့နယ်တွင် ကျောင်းသား ၁၄၂၄ ဦး၊ တနိုင်းမြို့နယ်တွင် ၁၂၀ ဦး၊ ချီဖွေမြို့နယ်တွင် ၉၆ ဦး၊ မိုးကောင်းမြို့နယ်တွင် ၁၄၈ ဦးနှင့် ဗန်းမော်မြို့နယ်တွင် ၂၇၉၀ ဦး၊ စုစုပေါင်း ကျောင်းသား ၄၅၇၈ ဦးရှိသည်ဟု သိရသည်။

ထို စစ်ဘေးရှောင်စခန်းများမှ ကျောင်းသားများ၏ ပညာရေးနှင့်ပတ်သက်ပြီး ပြည်နယ်ပညာရေးမှူးရုံးအနေဖြင့် ကချင်ပြည်နယ်အစိုးရ၏ အနီးကပ်လမ်းညွှန်မှုနှင့်အညီ လုပ်ဆောင်နေကြောင်း၊ အဆိုပါစခန်းများမှ ကျောင်းသားများကို ယခုပညာသင်နှစ်တွင် စာသင်ကြားနိုင်ရေး လုပ်ဆောင်လျက်ရှိကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲအောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ဆရာတို့အနေနဲ့ကတော့ ကျောင်းသားရှိရင် ဆရာရှိရမယ်။ ဆရာရှိရင် စာသင်နိုင်ရမယ်။ ဒါကိုပဲ ဆရာတို့ လုပ်နိုင်တယ်။ တခြားအကူအညီတွေတော့ တောင်းထားတယ်။ ဥပမာ- အင်ဂျန်းယန်က ရွာလေးရွာမှာ ကျောင်းလေးကျောင်းရှိတယ်။ အဲဒါတွေက အခုလို ဒီဘက်ကို ပြောင်းလာကြတယ်ဆိုရင် အဲကျောင်းက ဆရာ ဆရာမတွေကို ဒီဘက်မှာတာဝန်ထမ်းဆောင်စေမှာပဲ။ ဆရာတို့က ဆရာ ဆရာမ ပေးမယ်၊ လိုအပ်တဲ့ ဗလာစာအုပ်တွေ ထောက်ပံ့မယ်။ ဒါပဲလုပ်နိုင်ပါတယ်"ဟု ဦးရဲအောင်က ပြောသည်။

ကချင်ပြည်နယ်အတွင်းရှိ စစ်ရှောင်စခန်းများမှ ကျောင်းသားများသည် ပညာရေးဝန်ကြီးဌာန လက်အောက်ခံ ကျောင်းများမှ ကျောင်းသားဖြစ်၍ ၎င်းတို့အတွက်ဘတ်ဂျက်မှာ ၎င်းတို့တက်ရောက်ခဲ့သည့် ကျောင်းများတွင် ချထားပေးကြောင်း၊ ယခုနှစ်ဘတ်ဂျက်ရေးဆွဲစဉ်က ၎င်းတို့အတွက် သီးသန့်ဘတ်ဂျက်ချကာ လုပ်ဆောင်ထားခြင်းမရှိခဲ့သဖြင့် ပညာရေးဌာနအနေဖြင့် အခက်အခဲဖြစ်ရကြောင်း ဦးရဲအောင်က ဆက်လက်ပြောကြားသည်။

"ဘာဖြစ်လို့လဲဆိုရင် ဒီကလေးတွေကလည်း ဆရာတို့ကျောင်းကနေပဲ ရောက်လာတာဆိုတော့ သူတို့အတွက်ရယ်ဆိုပြီး သီးသန့်ချပေးထားတာမျိုးမရှိဘူး။ တစ်ခုတော့ရှိတယ်၊ ဒီစစ်ရှောင်စခန်းတွေထဲက ရေရှည်နေသွားဖို့ရှိလာရင်တော့ ဌာနပိုင်ကျောင်းမှာ သီးသန့်တိုးချဲ့ဆောင် ဆောက်ပြီး ဖွင့်ပေးသွားဖို့တော့ ရှိပါတယ်။ နောက်ပြီး စစ်ရှောင်စခန်းတွေက ကျောင်းနဲ့နီးရင် အဲဒီကျောင်းတွေမှာလည်း ဘာမှမလိုဘဲ တက်ခွင့်ရှိပါမယ်"ဟု ဆရာကြီးရဲအောင်က ပြောသည်။

မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်တို့အကြား တစ်ဖန်ပြန်လည်ဖြစ်ပွားခဲ့သည့် ပဋိပက္ခများကြောင့် ဧပြီလဆန်းမှစတင်ပြီး ကချင်ပြည်နယ်အတွင်း လူဦးရေ ၆၈၀၀ ကျော်ခန့် နေရပ်စွန့်ခွာတိမ်းရှောင်နေရသည်။

ထိုပဋိပက္ခများကြောင့် ကချင်ပြည်နယ်ရှိမြို့နယ် ၆ မြို့နယ်အတွင်းမှ ဒေသခံများနေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ရသည်ဟု ကုလသမဂ္ဂ OCHA MYANMAR မှ ထုတ်ပြန်ထားပါသည်။

ဆိုင်း(ကချင်မြေ)

# တက္ကသိုလ်ဝင်တန်းအောင်စာရင်းထုတ်ပြန်မည့်ရက် ကြေညာ

မြစ်ကြီးနား၊ မေ ၂၉

၂၀၁၈ ခုနှစ် မတ်လအတွင်းက ကျင်းပစစ်ဆေးခဲ့သော တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်စာရင်းများကို လာမည့်ဇွန်လ ၂ ရက်၊ စနေနေ့ နံနက် ၆ နာရီတိတိတွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက မေလ ၂၈ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါအောင်စာရင်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ စာစစ်ဌာနများတွင် တစ်ချိန်တည်း ထုတ်ပြန်သွားမည်ဖြစ်ကာ တိုင်းဒေသကြီး/ပြည်နယ်အလိုက် အောင်စာရင်းများကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးရုံးများတွင်လည်းကောင်း ဇွန်လ ၂ ရက်နေ့ နံနက် ၆နာရီနောက်ပိုင်းတွင် စုံစမ်းမေးမြန်းနိုင်မည်ဖြစ်သည့်အပြင် ပညာရေးဝန်ကြီးဌာန Website ဖြစ်သော www.moe.gov.mm မှတစ်ဆင့်ဖြစ်စေ၊ မြန်မာနိုင်ငံစာစစ်ဌာန Website ဖြစ်သော myanmarexamorg တွင်ဖြစ်စေ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

၂၀၁၆ - ၁၇ ပညာသင်နှစ်က ကချင်ပြည်နယ်တစ်ပြည်နယ်လုံးတွင် တက္ကသိုလ်ဝင်တန်းတွင် ၃၀၆၃၇ ယောက်ဖြေဆိုကာ ၉၂၀၇ ဦး အောင်မြင်ခဲ့သည်။

ဆိုင်း (ကချင်မြေ)

# ကချင်ပြည်နယ်အတွင်းရှိကျောင်းပေါင်း ၁၀၀ ကျော်ကို အဆင့်တိုးမြှင့်

မြစ်ကြီးနား၊ မေ ၂၉

၂၀၁၈ - ၁၉ ပညာသင်နှစ်အတွက် ကချင်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၁၂၅ ကျောင်းကို ကျောင်းဖွင့်ရာသီအမီ အဆင့်တိုးမြှင့်ပေးခဲ့ကြောင်း ကချင်ပြည်နယ် ပြည်နယ်ပညာရေးမှူးရုံးမှ ထုတ်ပြန်ကြေညာထားသည်။

ပြည်နယ်အတွင်း ကျောင်းအဆင့်တိုးသည့် ကျောင်းများမှာ အထကကျောင်း ၁၂ ကျောင်း၊ အထကခွဲ ၁၃ ကျောင်း၊ အလကကျောင်း ၁၆ ကျောင်း၊ အလကခွဲက ၁၉ ကျောင်း၊ အမက ၂၅ ကျောင်းနှင့် အမကခွဲ ၂၀ ကျောင်းကို မြို့နယ်ဒေသအလိုက် အသီးသီးအဆင့်များ တိုးမြှင့်ပေးခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်ပညာရေးမှူးရုံး စာရင်းများအရ သိရသည်။

၂၀၁၇ - ၁၈ ခုနှစ် ပညာသင်နှစ်အတွင်း ကချင်ပြည်နယ်တစ်ခုလုံးတွင် အခြေခံပညာကျောင်းပေါင်း ၁၅၃၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ကျောင်းသားကျောင်းသူ စုစုပေါင်း ၃၄၁၁၆၆ ဦး ပညာသင်ကြားခဲ့ကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူများမှာ မူလတန်းအဆင့်တွင် ၁၇၄၄၇၅ ဦး၊ အလယ်တန်းအဆင့်တွင် စုစုပေါင်း ၁၂၂၇၀၇ ဦး၊ အထက်တန်းအဆင့်တွင် ၄၃၉၈၄ ဦး အသီးသီးပညာသင်ကြားခဲ့သည်။

ဆိုင်း (ကချင်မြေ)

# ကျန်းမာရေးနဲ့လည်းညီ အာဟာရလည်းဖြစ်တဲ့ လိုင်ချီးသီးကိုစားသုံးပါ



ယခုလက်ရှိအချိန်အတောအတွင်း ကချင်ပြည်နယ်မှာ လှိုင်လှိုင်ပေါများနေတဲ့ ရာသီပေါ်သစ်သီးကတော့ လိုင်ချီးသီးပဲဖြစ်ပါတယ်။ ဒီလိုင်ချီးသီးကို စားသုံးခြင်းဖြင့် လူကိုဘယ်လိုအကျိုးကျေးဇူးတွေ ပေးစွမ်းနိုင်တယ်ဆိုတာကို ကောက်နုတ်ဖော်ပြလိုက်ရပါတယ်။ လိုင်ချီးသီးမှာ ဗိုက်တာမင်စီဓါတ်က အများဆုံးပါဝင်တာကြောင့် အသားအရေကို တင်းရင်းလှပစေကာ အရွယ်ကျတာတွေကိုလည်း ကာကွယ်ပေးပါတယ်။ လိုင်ချီးသီးက အရောင်ဓါတ်လည်းပါပြီး အရေပြားအတွက်လည်း အထူးကောင်းမွန်တဲ့ အသီးတစ်မျိုးလည်း ဖြစ်ပါတယ်။

တစ်နေ့ကို လိုင်ချီးသီး ကိုးလုံးလောက်စားလိုက်ရင်ဖြင့် တစ်နေ့စာလိုအပ်တဲ့ ဗိုက်တာမင်စီဓာတ်ကို ပြည့်ဝစေပါတယ်။ လိုင်ချီးသီးမှာ ဗိုက်တာမင် C ကြွယ်ဝစွာပါဝင်တဲ့အပြင် တခြားဗိုက်တာမင်နဲ့ သတ္တုဓာတ်မျိုးစုံပါဝင်ပါတယ်။

ဒီလိုင်ချီးသီးကို စားခြင်းက အာဟာရလည်းဖြစ်၊ ကိုယ်အလေးချိန်လည်း မတက်စေတဲ့အပြင် ကိုယ်ခန္ဓာအတွက် လိုအပ်နေတဲ့ ဆိုဒီယမ်၊ ပိုတက်စီယမ်၊ ကာဘိုဟိုက်ဒြိတ်တွေလည်း နည်းနည်းစီပါဝင်တာကြောင့် ဇီဝဓါတ်တွေကို ထိန်းညှိပေးနိုင်ပါတယ်။

ဒီအသီးက လူအတွက် ကောင်းကျိုးဖြစ်စေတဲ့ ရာသီပေါ်သစ်သီးဖြစ်ပြီး အသက်အရွယ်ပိုင်းခြားမရွေး စားသုံးနိုင်ပါတယ်။ ဒါပေမဲ့ လိုင်ချီးသီးမှာ သကြားဓါတ်နည်းနည်း များတဲ့အတွက် ဆီးချို/သွေးချိုသမားများအနေနဲ့ သတိထားစားသုံးသင့်ပါကြောင်း ကောက်နုတ်ဖော်ပြလိုက်ရပါတယ်။

ဆိုင်း (ကချင်မြေ)

## အမည်ပြောင်းအသိပေးကြေညာခြင်း

ကချင်ပြည်နယ်၊မြစ်ကြီးနားမြို့၊တပ်ကုန်းရပ်ကွက်
နေအိမ်အမှတ်(၁၃၉)တွင်နေထိုင်သော
ဦးအောင်နော်ကို ဦးအောင်နူးဟု
မှားယွင်းနေသောကြောင့်
အမည်ရင်းမှန်မှာ ဦးအောင်နော်
၁/မကန (နိုင်) ၁၂၀၅၆၂ ဖြစ်ကြောင်း
အသိပေးကြေညာအပ်ပါသည်။

# မိုးကုတ်တွင်ဖြစ်ပွားခဲ့သော လေးလောင်းပြိုင်လူသတ်မှုနှင့်ပတ်သက်၍ အမှုမှန်ပေါ်ပေါက်ရေး လီဆူအဖွဲ့အစည်းအသီးသီး တောင်းဆိုသွားမည်

မြစ်ကြီးနား၊ မေ ၂၂

မိုးကုတ်မြို့နယ်၊ စိန်အင်ကျေးရွာအုပ်စု၊ အောင်ပဒန်ကျေးရွာအနီးရှိယာခင်းတွင် မေလ ၁၆ ရက်နေ့က ဖြစ်ပွားခဲ့သော လီဆူလူမျိုးမိသားစုလေးဦး သတ်ဖြတ်ခံရမှုနှင့်ပတ်သက်၍ လီဆူအဖွဲ့အစည်းအသီးသီးက အမှုမှန်ပေါ်ပေါက်အောင် အစိုးရထံ တောင်းဆိုခဲ့ကြောင်း မြစ်ကြီးနားမြို့ရှိ ဒူးလေးပါတီဥက္ကဋ္ဌထံမှ သိရသည်။

အဆိုပါလီဆူလူမျိုးလေးယောက် အသတ်ခံရမှုနှင့်ပတ်သက်ပြီး အမှုမှန်အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးနိုင်ရေး၊ ဥပဒေအရ ထိထိရောက်ရောက်အရေးယူဆောင်ရွက်နိုင်ရေးနှင့်မလိုလားအပ်သောနောက်ဆက်တွဲပြဿနာများ မပေါ်ပေါက်စေရေးအတွက် နိုင်ငံတော်သမ္မတရုံး၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထဲရေးဝန်ကြီး၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ရဲချုပ်၊ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးတို့ထံ လီဆူအဖွဲ့အစည်းအသီးသီးမှ မေလ ၂၁ ရက်နေ့တွင် စာပေးပို့တောင်းဆိုထားပြီးဖြစ်ကြောင်း သိရသည်။

“ဖြစ်ပွားခဲ့ရတာက ဘယ်ပုံဘယ်နည်းနဲ့ ဖြစ်တယ်ဆိုတဲ့အကြောင်းအရာကိုတော့ ကျွန်တော်တို့သေချာလေး မသိရသေးဘူး။ သို့သော် ရက်ရက်စက်စက် သတ်ဖြတ်သွားတယ်ဆိုတာကတော့ ပေါ်လွင်တယ်။ အဲ့ဒါကြောင့် ကျွန်တော်တို့ ဒီအမှုကို အမှုမှန်ပေါ်ပေါက်ရေးနဲ့ ထိထိရောက်ရောက်အရေးယူနိုင်ဖို့ဆိုတဲ့အချက်အပေါ်မှာ မူတည်ပြီးတော့ လီဆူအဖွဲ့အစည်းအသီးသီးကနေ စုပေါင်းပြီးတော့ နိုင်ငံတော်ကို ပေးပို့တောင်းဆိုခဲ့တာပါ”ဟု မြစ်ကြီးနားမြို့မှ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)ဥက္ကဋ္ဌ ဦးရွှေမင်းက ပြောသည်။

သတ်ဖြတ်ခံရသည့် ဦးရန်တား၏ဦးခေါင်းတွင် ခုတ်ဖြတ်ဓါးဒဏ်ရာငါးချက်၊ လည်ပင်းခုတ်ဖြတ်၊ ဝမ်းဗိုက်ခုတ်ဖြတ်အူထွက်ဒဏ်ရာ၊ ငယ်ပါခုတ်ဖြတ်ဒဏ်ရာတို့ဖြင့် လည်းကောင်း၊ ဇနီးဖြစ်သူ ဒေါ်စံလူးမီး၏ နို့အုံခုတ်ဖြတ်ဒဏ်ရာ၊ ခြေနှစ်ဖက်ခုတ်ဖြတ်၊ လက်များခုတ်ဖြတ်၊ သားဖြစ်သူမောင်အလေး၏ ဝမ်းဗိုက်ခုတ်ဖြတ်အူထွက်ဒဏ်ရာ၊ ခြေထောက်ခုတ်ဖြတ်ဒဏ်ရာ၊ သမီးဖြစ်သူမအဝူးမီး၏ လည်ပင်းခုတ်ဖြတ်ဒဏ်ရာ၊ ဝမ်းဗိုက်ခုတ်ဖြတ် အူထွက်ဒဏ်ရာများနှင့် ခြေလက်ဝမ်းဗိုက်တို့တွင် ပြတ်ရှဒဏ်ရာ ၂၂ ချက်ဖြင့် သတ်ဖြတ်ခံခဲ့ရဖြစ်သည်ဟု လီဆူ အဖွဲ့အစည်းအသီးသီးတို့ တောင်းဆိုသည့် သဘောထားထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

“အမှုမှန်ပေါ်ထွက်အောင် ကူညီပေးဖို့ဆိုပြီးမှ အဓိက အဲ့ဒါပေါ့၊ အစိုးရတွေကိုတိုက်တွန်းထားတာပေါ့။ လီဆူအဖွဲ့အစည်း အားလုံးပါဝင်ထားတယ်”ဟု ကချင်ပြည်နယ် လီဆူအရပ်ဘက်လူမှုအဖွဲ့အစည်းမှ ဒါရိုက်တာ ဦးလေမေတားကပြောသည်။

အမှုမှန်ပေါ်ပေါက်အောင် တောင်း ဆိုသည့် လီဆူအဖွဲ့အစည်း ၁၁ဖွဲ့ရှိပြီး ဘာသာရေးအဖွဲ့အစည်းများ၊ လီဆူရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ မြန်မာနိုင်ငံလီဆူဂီတအနုပညာရှင်များ အသင်း၊ ကချင်ပြည်နယ်လီဆူစာပေနှင့် ရိုးရာယဉ်ကျေးမှုဖွံ့ဖြိုးရေးကော်မတီ၊ လီဆူလူငယ်ကွန်ရက်၊ ကချင်ပြည်နယ်လီဆူလူမှုကူညီရေးအသင်း၊ မန္တလေးတိုင်းလီဆူစာပေနှင့်ရိုးရာယဉ်ကျေးမှုအသင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာလီဆူအမျိုးသားအဖွဲ့၊ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ မန္တလေးတိုင်းဒေသကြီးလီဆူစာပေနှင့် ယဉ်ကျေးမှုကော်မတီ၊ လီဆူအမျိုးသမီးကွန်ရက်တို့ပါဝင်ကြောင်း၊ ၄ လောင်းပြိုင်လူသတ်မှု နှင့် ပတ်သက်ပြီး မိုးကုတ်မြို့နယ်၊ အောင်ပဒန်ကျေးရွာမှ ဦးဒွဲလ၊ ဦးဇော်လတ် (ခ) ဇာကေး နှင့် ဦးနော်တောင်တို့အားဖမ်းဆီးစစ်ဆေး အရေးယူလျက်ရှိကြောင်းနှင့် ကျန်တရားခံများအား ဖမ်းဆီးရမိရေးကို ကျပ် ပြင်နယ်မြေ ရဲစခန်းက ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် facebook စာမျက်နှာရဲဇာနည်မှ သိရသည်။

ဆန်လတ်

# ပူတာအိုခရိုင်တွင် ယခုနှစ်စက်တင်ဘာလအတွင်း ယာဉ်မောင်းလိုင်စင်ကွင်းဆင်းဆောင်ရွက်ပေးမည်ဟုဆို

မြစ်ကြီးနား၊ မေ ၂၉

ကချင်ပြည်နယ်အတွင်းရှိမြို့များ၌ ယာဉ်မောင်းလိုင်စင်များကို ကွင်းဆင်းဆောင်ရွက်ရာတွင် မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်နှင့် ထော်လာဂျီမောင်းလိုင်စင်တို့ကို သာထုတ်ပေးနိုင်ပြီး လာမည့် ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ပူတာအိုမြို့သို့ ကွင်းဆင်းဆောင်ရွက်ရန် စီမံထားကြောင်း လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဦးဝင်းညွန့်က ပြည်နယ်လွှတ်တော်တွင် ဦးအားခီဆာ၏ မေးခွန်းကိုရှင်းလင်းဖြေကြားခဲ့သည်။

ခေါင်လန်ဖူးမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအားခီဆာက ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် ကချင်ပြည်နယ်အစိုးရအနေဖြင့် စီမံချက်တစ်ရပ်ချမှတ်ပြီး ပူတာအိုခရိုင်တွင် ယာဉ်မောင်းလိုင်စင် ပြုလုပ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိမရှိကို မေးခွန်းမေးမြန်းခဲ့ခြင်း ဖြစ်သည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို သတ်မှတ်ချက်အတိုင်း စာတွေ့၊ လက်တွေ့စစ်ဆေးဖြေဆိုပြီး အောင်ရှုံးလက်မှတ်များကို ထုတ်ပေးခြင်း၊ လက်တွေ့မောင်းစစ်ဆေးခြင်းကို ယာဉ်မောင်းစစ်ဆေးရေးကွင်းတွင် လက်တွေ့ဖြေဆိုပြီး မြစ်ကြီးနားပြည်နယ်ရုံးတွင်သာ သတ်မှတ်ချက်နှင့်အညီ စနစ်တကျစစ်ဆေးနိုင်ပါသဖြင့် ကွင်းဆင်းဆောင်ရွက်ရာတွင် မော်တော်ဆိုင်ကယ်မောင်း(က)လိုင်စင်၊ သုံးဘီးဆိုင်ကယ်မောင်း(ခ)လိုင်စင်၊ထော်လာဂျီမောင်း(ခ)လိုင်စင်တို့ကို ထုတ်ပေးနိုင်ပါကြောင်း လမ်းပန်းဆက်သွယ်ရေးလျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွန့်က ဦးအားခီဆာ၏မေးခွန်းနှင့် စပ်လျဉ်းပြီး လွှတ်တော်တွင် ရှင်းလင်းဖြေကြားခဲ့သည်။

ပူတာအိုခရိုင်တွင် ၂၀၁၇ ခုနှစ်က မော်တော်ဆိုင်ကယ်မောင်းလိုင်စင် ၂၆၅ စောင်၊ ၂၀၁၈ ခုနှစ်တွင် မော်တော်ဆိုင်ကယ်မောင်း(ခ) လိုင်စင် ၂၇၈ စောင် ထုတ်ပေးခဲ့ကြောင်း သိရသည်။

ဆန်လတ်

# စစ်ရှောင်ကျောင်းသားများ ကျောင်းဖွင့်ချိန်အမီ ပညာသင်ကြားနိုင်မည်ဟု လူမှုရေးဝန်ကြီးပြော

မြစ်ကြီးနား၊ မေ ၂၉

လတ်တလောဖြစ်ပေါ်လာသောတိုက်ပွဲများကြောင့် မြစ်ကြီးနားမြို့နယ်ဘက်သို့ရောက်ရှိလာသော ကျောင်းသားများ ကျောင်းဖွင့်ချိန် ဇွန်လ ၁ ရက်နေ့အမီ ကျောင်းတက်နိုင်ရန် စီစဉ်ထားပြီးဖြစ်ကြောင်း ပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီးဒေါက်တာသင်းလွင်က ပြောကြားသည်။

အင်ဂျန်းယန်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် လက်တလောဖြစ်ပေါ်လာသော တိုက်ပွဲများကြောင့် မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့များသို့ ပြောင်းရွှေ့လာရာ၊ ထိုသူများထဲတွင် မူကြိုအရွယ်ကလေးငယ်များမှ တက္ကသိုလ်ဝင်တန်းအရွယ်အထိ တက်ရောက်ရမည့် ကလေးငယ်များလည်း ပါဝင်နေသည်။

“စစ်ရှောင်စခန်းနဲ့ အနီးဆုံးနေရာမှာရှိတဲ့ ကျောင်းတွေမှာ တက်ရောက်နိုင်ဖို့ စီစဉ်ထားပြီ။ ကျောင်းပြောင်းလက်မှတ်များမပါသော်လည်း မိမိအရည်အချင်းနှင့် သင့်လျော်သည့်အတန်းတွင် ပညာသင်ယူနိုင်ရန် သက်ဆိုင်ရာကျောင်းအုပ်ကြီးများရဲ့ ကြီးကြပ်မှုနဲ့ အရည်အချင်းစစ်စာမေးပွဲများပြုလုပ်ပြီး သင့်လျော်သည့် အတန်းတွင် ပညာသင်ကြားနိုင်ရန် စီစဉ်ထားပြီဖြစ်ပါတယ်။ စခန်းတွေကကျောင်းနဲ့ဝေးရင် အလှူရှင်တွေ၊ ယူနီဆက်ဖ်တွေ၊ ကြက်ခြေနီတွေနဲ့ ယာယီကျောင်းဆောင်ဆောက်ဖို့လည်း ပြင်ဆင်နေပါပြီ။ ကျောင်းဖွင့်ဇွန် ၁ ရက်အမီ ကျောင်းတက်နိုင်ဖို့ စီစဉ်ထားပြီဖြစ်ပါတယ်”ဟု ဒေါက်တာသင်းလွင်က ပြောသည်။

အင်ဂျန်းယန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မရန်ဂျာဆိုင်းခေါန်က တိုက်ပွဲများကြောင့်မြစ်ကြီးနားမြို့နယ်သို့ ရောက်ရှိလာသော ကျောင်းနေကလေးငယ်များအတွက် လိုအပ်သောပညာရေးဆိုင်ရာ အထောက်အပံ့များကူညီထောက်ပံ့ပေးနိုင်ရန် အစီအစဉ် ရှိမရှိ မေးမြန်းချက်နှင့်ပတ်သက်ပြီး အထက်ပါအတိုင်း ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။


ဒေါ်မရန်ဂျာဆိုင်းခေါန်က မေးမြန်းရာတွင် “ဖြစ်ပွားလာတဲ့ တိုက်ပွဲကြောင့် အင်ဂျန်းယန်မြို့နယ် အတွင်း ကျေးရွာများမှပြည်သူများ စစ်ဘေးလွတ်ရာ မြစ်ကြီးနားမြို့သို့ အများဆုံးပြောင်းရွှေ့ ထွက်ပြေးလာခဲ့ကြပါတယ်။ ထို့အပြင် မေခတစ်ဘက်ကမ်းကိုကူးပြီးတော့ ဝိုင်းမော်မြို့နယ်သို့ ရောက်ရှိလာခဲ့ကြကြောင်းကိုလည်း သိရပါတယ်။ ကလေးငယ်များစွာလည်းပါရှိတဲ့အတွက် ဒီစာသင်နှစ်မှာ ပညာဆက်သင်ယူနိုင်ဖို့ကို အခါတိုင်း အစီအစဉ်ရှိမရှိဆိုတာထက် ပြည်နယ်အစိုးရရဲ့ ဆောင်ရွက်ပေးမှုကို မေးခွန်းမေးရခြင်းဖြစ်ပါတယ်”ဟု မေးမြန်းခဲ့ခြင်းဖြစ်သည်။

ဆိုင်း(ကချင်မြေ)

## မြစ်ကြီးနားမြို့ ကုန်စည်ဈေးနှုန်း

| ကုန်စည်အမည် | ဈေးနှုန်း |
|---|---|
| ဆန်မာတစ်အိတ် | ၂၈၀၀၀ကျပ် |
| ချင်းတုန်းတစ်အိတ် | ၂၈၀၀၀ကျပ် |
| ပေါ်ဆန်းမွှေးတစ်အိတ် | ၅၈၀၀၀ကျပ် |
| လုံးသွယ်မွှေး | ၄၂၀၀၀ကျပ် |
| ဆိတ်သား | ၁၃၀၀၀ကျပ် |
| အမဲသား | ၁၂၀၀၀ကျပ်/၁၃၀၀၀ကျပ် |
| ငါး | ၄၀၀၀ကျပ် |
| အိမ်ကြက် | ၁၁၀၀၀ကျပ် |
| ရိုးရိုးကြက် | ၅၀၀၀ကျပ် |
| ဝက်သား | ၁၂၀၀၀ကျပ် |
| ခရမ်းချဉ်သီး | ၈၀၀ကျပ် |
| အာလူး | ၈၀၀ကျပ် |
| ကုလားပဲ | ၁၈၀၀ကျပ် |
| ကြက်ဥ | ၁၀၀ကျပ် |
| ဘဲဥ | ၁၇၀ကျပ် |
| ကြက်သွန်နီ | ၁၀၀၀ကျပ် |
| ကြက်သွန်ဖြူ | ၁၅၀၀ကျပ် |
| ငရုတ်သီး စိမ်း | ၁၃၀၀ကျပ် |
| ငရုတ်သီး ခြောက် | ၅၀၀၀ကျပ် |
| ချင်း | ၁၅၀၀ကျပ် |

# ဝန်ကြီးချုပ်ဒေါက်တာခက်အောင် ရေးသားသီဆိုခဲ့သည့် သီချင်းပါဝင်သော ဇုန်းကီ၏ ပြန်ဆိုတေးစီဒီခွေထွက်ရှိ




တစ်ခေတ်တစ်ခါက နာမည်ကျော်ကြားလူကြိုက်များခဲ့သောကချင်တေးသီချင်းများကို ကချင်တေးသံရှင်ဇုန်းကီကပုံစံသစ်ခံစားမှုရသတစ်မျိုးဖြင့်ပြန်လည်သီဆိုထားသည့် ကချင်တေး စီးရီး ခွေတစ်ခွေ ထွက်ရှိလာပါသည်။

ထို ကချင်တေးသီချင်းခွေကို ရေဒီယို Live ပုံစံဖြင့်ထုတ်လုပ်ထားခြင်းဖြစ်ကြောင်းသိရပြီးကချင်တေးဂီတလမ်းကြောင်းတွင်ပထမဆုံးအကြိမ်အဖြစ်ပုံစံသစ်တစ်မျိုးဖြင့်ထွက်ရှိခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါတေးစီးရီးတွင်အူရမ်ဆင်ဝါး၊ ဒေါက်တာခက်အောင်၊ ဒါရှီနောင်လတ်၊ တိန်ကော့တောင်၊ အဂူးခေါ်ရမ်၊ ကျန်းလုတ် တူးတူး၊နော်ဖွီခွန်နောင်၊လဗျယောဟန်၊ လဖိုင်လဂျာ၊ဂျန်ဖန်ခွန်ရော်၊ဒန်နီလတို့ရေးသားခဲ့သည့် သီချင်းဆယ်ပုဒ်ကျော်ပါဝင်ကြောင်းသိရသည်။

ကချင်တိုင်းရင်းသားအဆိုတော်တေးသံရှင် ဇုန်းကီ၏ 30 YEARS AGO အမည်ရ ကချင်တေးစီးရီးခွေကိုမလိဇွပ်တေးသံသွင်းမှုထုတ်လုပ်ထားကြောင်းသိရသည်။

ဆိုင်း(ကချင်မြေ)

# လူမင်းဦးဆောင်သည့် အနုပညာဘောလုံးအသင်းနှင့်ဖားကန့် လုပ်ငန်းရှင်များအသင်းချစ်ကြည်ရေးပွဲမှရသည့် ရန်ပုံငွေ ကျပ်သိန်းတစ်ရာကျော်ကို စစ်ရှောင်များအား လှူဒါန်းသွားမည်



မြစ်ကြီးနား၊ မေ ၂၉

ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များဖြစ်သည့် လူမင်း၊ ခင်လှိုင်၊ ဒေါင်လွဏ်း၊ မင်းခန့် တို့ပါဝင်သည့် ကချင်အနုပညာရှင်များပါဝင်သည့် ဘောလုံးအသင်းက စစ်ရှောင်ပြည်သူများရန်ပုံငွေအတွက် ဖားကန့်မြို့တွင် ချစ်ကြည်ရေးဘောလုံးပွဲ ကစားခဲ့ကြောင်းသိရသည်။

အဆိုပါ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲမှ ရရှိလာသည့် ကျပ်သိန်း ၁၂၀ ကို မြစ်ကြီးနားမြို့တွင် စစ်ရှောင်အရေးဆောင်ရွက်နေသည့် အနုပညာပိုးတဘက် (Shingni Nbat)အဖွဲ့ထံမှတစ်ဆင့် ပေးအပ်သွားမည်ဖြစ်ကြောင်းသိရသည်။

"ကျွန်မတို့ အနုပညာပိုးတဘက်ကို ပေးအပ်မှာဖြစ်တယ်။ အဲ့ဒီပေးအပ်တဲ့နေ့မှာ ကျွန်မတို့အနုပညာပိုးတဘက်အဖွဲ့နဲ့ ဖားကန့်လုပ်ငန်းရှင်အသင်းတို့လည်း ချစ်ကြည်ရေးဘောလုံးပွဲကစားဖို့ရှိတယ်။ အဲ့ဒီနေ့မှာလည်း အလှူငွေတွေထပ်ရှာဖို့ အစီအစဉ်လုပ်ထားတယ်"ဟုအနုပညာပိုးတဘက် (Shingni Nbat)မှ ဥက္ကဋ္ဌဒေါ်နန်ပရီက ပြောသည်။

အဆိုပါ အလှူငွေပေးအပ်ခြင်း အထိမ်းအမှတ် ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကို မေလ ၃၁ ရက်နေ့ ညနေပိုင်းတွင် မိုးလုံလေလုံပြည်နယ်အားကစားကွင်းတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မေလ ၁၇ ရက်နေ့က ဖားကန့်မြို့ဆန်းကြွယ်အားကစားကွင်းတွင် ရုပ်ရှင်သရုပ်ဆောင်များအသင်းနှင့် ဖားကန့်လုပ်ငန်းရှင်အသင်းတို့ ချစ်ကြည်ရေးကစားခဲ့ကြခြင်းဖြစ်သည်။

salai

လူကြီးမင်းရဲ့ ကုန်ပစ္စည်းများကို
တစ်နိုင်ငံလုံးထိုးဖောက်ချင်ပါသလား?
ဈေးနှုန်းသက်သာစွာနဲ့ တစ်နိုင်ငံလုံးကို ပြန့်နှံ့နိုင်အောင်
မီဒီယာ ၉ ခုကို ပေါင်းစည်းထားတဲ့ ဒေသစုံမီဒီယာ
မှာ ကြော်ငြာလိုက်ပါ...
ဆက်သွယ်ရန် ဖုန်း - ၀၉၄၃၀၃၉၃၀၇
Email : jointadssell@gmail.com






ရွှေကံဆင့်
(၂.၆.၂၀၁၈)ရက်နေ့ဖွင့်မည်။
ကချင်ပြည်နယ်အသက်မွေးဝမ်းကျောင်းအတတ်ပညာ(အထူး)သင်တန်း
၁။ ယာဉ်မောင်း/စက်ပြင်(အထူး)သင်တန်း
၂။ ကျောက်စိမ်း၊ကျောက်မျက်ရတနာ(အထူး)သင်တန်း
၃။ ရွှေ(အထူး) နှင့် စိန် (အထူး)သင်တန်း
၄။ တရုတ်စကားပြော(အထူး)သင်တန်း
ရပ်ဝေးသင်တန်းသား/သူများအား နေရေး/စားရေး စီစဉ်ပေးမည်။
ဆက်သွယ်ရန်လိပ်စာ.... အမှတ်(၃၄၂)၊ကျွန်းပင်သာရပ်၊ကျွန်းပင်သာလမ်းမကြီးထေး၊ လယ်ထုန်းရဲစခန်းအနီး၊
ရထားဘူတာသောက်ဆိုင်ထေး၊မြစ်ကြီးနား။
ဖုန်း၊ ၀၉-၇၈၄၉၆၆၃၇၀ ၀၉-၇၈၄၉၆၆၃၇၁


www.myitkyinanewsjournal.com

http://www.facebook.com/myitkyinanewsjournal.mm


Myitkyina News Journal

myitkyinanewsjournal

ID-MyitkyinaNewsJournal / Name-Myitkyina News Journal




မြစ်ကြီးနားသတင်းဂျာနယ် website




မြစ်ကြီးနားသတင်းဂျာနယ် Youtube




မြစ်ကြီးနားသတင်းဂျာနယ် Viber











မြစ်ကြီးနားသတင်းဂျာနယ် TV News

မြစ်ကြီးနားသတင်းဂျာနယ်

မြစ်ကြီးနားသတင်းဂျာနယ်ကို
အွန်လိုင်း၊ အင်တာနက် စာမျက်နှာများဖြစ်သော..............

- Website
- Viber
- Face Book
- You Tube
- We Chat

များပေါ်တွင် ဝင်ရောက် ဖတ်ရှုနိုင် ပါပြီ......

# မြန်မာနိုင်ငံလုံးအတိုင်းအတာ အိမ်ထောင်ရှင် အလှမယ်ဆုရှင် ထူးကေခိုင်




မြစ်ကြီးနား၊ မေ ၂၈

ဒီတစ်ပတ်ရဲ့ အနုပညာကဏ္ဍစာမျက်နှာထက်မှာတော့ မေလ ၁၁ ရက်က ရန်ကုန်မြို့၊ တော်ဝင်စင်တာမှာ ကျင်းပခဲ့တဲ့ Mrs. Union of Myanmar 2018 ပြိုင်ပွဲမှာ Winner ဆုရခဲ့တဲ့ အိမ်ထောင်ရှင်အလှမယ် မထူးကေခိုင်ရဲ့ အကြောင်းလေး ဖြစ်ပါတယ်။

အသက် ၂၅ နှစ်အရွယ် မထူးကေခိုင်ဟာ မြစ်ကြီးနားမြို့က ရှေ့နေဦးဇော်မင်းထွန်းရဲ့ဇနီးဖြစ်ပြီး သူတို့မှာ သမီးလေးတစ်ယောက် ရှိပါတယ်။ မေလ ၁၁ ရက်နေ့က ရန်ကုန်မြို့တော်ဝင်စင်တာမှာ ကျင်းပခဲ့တဲ့ အိမ်ထောင်ရှင်အလှမယ်ပြိုင်ပွဲ မှာ Winner ဆုရခဲ့သူပါ။

သူမအနေနဲ့ပြိုင်ပွဲယှဉ်ပြိုင်ဖြစ်ခဲ့ပုံက "အစ်မက အိမ်ထောင်ရှင်ဆိုတော့ အိမ်ထဲမှာပဲနေနေရတယ်။ သူများတွေလို လွတ်လွတ်လပ်လပ်နဲ့နေချင်တယ်။ အစကတည်းကနေလည်း ဒီအလုပ်လုပ်ဖို့ ဝါသနာပါပေမယ့် မလုပ်ဖြစ်ဘူး။ နောက်ပိုင်း အမျိုးသားက အားအရမ်းပေးတာနဲ့ ယှဉ်ပြိုင်ဖြစ်သွားတာပါ"လို့ မထူးကေခိုင်က ပြောပြပါတယ်။

ယခုသူမအနေနဲ့ လာမည့်ဇွန်လမှာ စက်ာပူနှင့်မလေးရှားနိုင်ငံများမှာ ထပ်မံကျင်းပမယ့် နိုင်ငံတကာအိမ်ထောင်ရှင်မပြိုင်ပွဲအတွက် အကောင်းဆုံး ကြိုးစားနေကြောင်းကိုလည်း ပြောပြခဲ့ပါသေးတယ်။

"အစ်မက နောက်လ ၂၀ ရက်နေ့ကို စက်ာပူမှာ Camp ဝင်ရတော့မယ်။ ပွဲက ၂၅ ရက်နေ့မှာပါ။ ရက်ကပ်နေတော့ အစွမ်းကုန်ကြိုးစားနေရတယ်။ ညညဆိုရင်လည်း မအိပ်နိုင်ဘူး။ ဖုန်းတစ်လုံးနဲ့ အဝတ်အစားနဲ့ ဘာသာစကားတွေအတွက် ပြင်ဆင်နေရတယ်။ အရမ်းလည်း ခက်ခဲတယ်"လို့ ထပ်ပြောပြခဲ့ပါတယ်။

တစ်ဘက်က ဝါသနာပါရာအလုပ်၊ တစ်ဘက်က ကလေးတစ်ယောက်မိခင်၊ အိမ်ထောင်ရှင်မကလည်းဖြစ် ဒီလိုမတူညီတဲ့ ဘဝလမ်းကြောင်းနှစ်ခုကို ထိန်းညှိပြီး အောင်မြင်မှုကို ဆက်လက်ရှာဖွေနေသူတစ်ယောက်ဆိုရင်လည်း မှားမယ်မထင်ပါဘူး။

"အစ်မတွက် အရမ်းကို ခက်ခဲလွန်းပါတယ်။ ၂၄ နာရီတောင်ကိုယ်အတွက်က အချိန်မလောက်ဘူး ဖြစ်နေတယ်။ အိမ်မှာဆိုလည်း ထမင်းဟင်းတောင် မချက်နိုင်ဘူး။ ဖြစ်သလိုစား။ ဖြစ်သလိုသွားပြီးပြိုင်ပွဲကိုဝင်ပြိုင်နေရတယ်။ ခက်တာက အိမ်ထောင်ရှင်မဆိုတော့ သမီးလေးအတွက် အချိန်ကလည်း ပေးရတယ်။ ခက်ခဲမှုတွေက အများကြီးရှိနေပါသေးတယ်။ ဒါပေမယ့် အချိန်ခဏလေးပါကွာဆိုပြီး ယှဉ်ပြိုင်နေရပါတယ်"လို့ မြစ်ကြီးနားသတင်းဂျာနယ်ကို ပြောပြခဲ့ပါတယ်။

နိုင်ငံတကာပြိုင်ပွဲအဖြစ် မြန်မာနိုင်ငံကိုယ်စားပြုကာ ယှဉ်ပြိုင်ရမယ့် Winner ဆုရှင် ထူးကေခိုင်ရဲ့ ရည်ရွယ်ချက်က "ကမ္ဘာမှာ မြန်မာအမျိုးသမီးတွေပါဝင်မှုက မလွယ်ပါဘူး။ အိမ်ထောင်ရှင်မ ပြိုင်ပွဲကိုတော့ မနှစ်ကမှ စတာဆိုတော့ အစ်မပြောချင်တာက မြန်မာအမျိုးသမီး အိမ်ထောင်ရှင်မတွေလည်း လုပ်နိုင်တယ်ဆိုတာ ဆုရတာမရတာ တစ်ကဏ္ဍ ကမ္ဘာမှာချပြချင်တာပါ" လို့ ဆိုပါတယ်။

Mrs Union Of Myanmar 2018 ပြိုင်ပွဲကို ရန်ကုန်မြို့မှာ မေလ ၁၁ ရက်နေ့က ကျင်းပခဲ့တာဖြစ်ပြီး ကချင်ပြည်နယ်ထဲက ဖားကန့်၊ မိုးညှင်း၊ ပူတာအို၊ ဗန်းမော်မြို့က အိမ်ထောင်ရှင်အလှမယ်တွေအပါအဝင် အလှမယ် ၂၀ဦးပါဝင်ယှဉ်ပြိုင်ခဲ့ကြရာကနေ အလှမယ်ထူးကေခိုင်ကဝင်းနားဆုရရှိခဲ့ခြင်းဖြစ်ပါတယ်။

ဆိုင်း (ကချင်မြေ)

# Mister & Miss Tourism and Culture Universe 2019 Grand Final ပြိုင်ပွဲကို ဒီဇင်ဘာလတွင် ကျင်းပမည်



မြစ်ကြီးနား၊ မေ ၂၇

Mister & Miss Tourism and Culture Universe 2019 Grand Final ပြိုင်ပွဲကို လာမည့် ဒီဇင်ဘာလတွင် ရန်ကုန်မြို့၌ ဆက်လက်ကျင်းပသွားမည်ဖြစ်၍ ထိုပြိုင်ပွဲသို့ ကချင်ပြည်နယ်ကိုယ်စားပြုအနေဖြင့် ဗန်းမော်မြို့မှ Model ကိုအောင်မျိုးနှင့် မနှင်းသက်သက်ဝေတို့ သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ယခုလက်ရှိ ယင်းပြိုင်ပွဲအတွက် လိုအပ်သည်များကို ကျွမ်းကျင်သူများနှင့် လေ့ကျင့်မှုများ ဆောင်ရွက်လျက်ရှိကြောင်း City Directory ကိုပြည့်စုံအောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

Finalပွဲအတွက် date တော့ အတိအကျ မထွက်သေးဘူး။ ဒီဇင်ဘာလဆိုတာပဲ သိရသေးတယ်။ အခုတော့ သူတို့ Body အတွက်ဦးစိန်မြင့်ဇော်ရဲ့ GYM ခန်းမှာဆော့ပြီး Train နေကြပါတယ်။ Beauty အတွက်လည်း Skill တွေထိန်းသိမ်းနေကြတယ်။ Designer အကျီကြော်ငြာလေးတွေလည်း လက်ရှိရိုက်ဖြစ်နေပါတယ်။ လက်ခံထားတဲ့ရှိုးပွဲတွေမှာလည်း ပွဲအတွေ့အကြုံရအောင် လျှောက်ဖို့ရှိနေပါတယ်။ သူတို့ထပ်ယှဉ်ပြိုင်မယ့် ရန်ကုန်ပြိုင်ပွဲမှာလည်း အကောင်းဆုံးယှဉ်ပြိုင်နိုင်မယ်ဆိုတာယုံတယ်။ ကျွန်တော်တို့ဘက်ကလည်း သူတို့ကိုပြိုင်ပွဲတစ်လျှောက် ပံ့ပိုးသွားမှာပါ"ဟု ကိုပြည့်စုံအောင်က ပြောသည်။

Mister & Miss Tourism and Culture Universe 2019 ပြိုင်ပွဲကို မြစ်ကြီးနားမြို့ရှိ အောင်နန်းကက်သလစ်ဘုရားကျောင်းတွင် ပြုလုပ်ခဲ့ရာ ကိုအောင်မျိုးနှင့် အလှမယ် နှင်းသက်သက်ဝေ တို့က Winner ဆုများ ရရှိခဲ့သည်။

ထို့အပြင် အဆိုပါပြိုင်ပွဲတွင် 1st Runner Up ဆုရှင်အဖြစ် အလှမောင်ဒွဲဂျာအောင်၊ 2nd Runner Up ဆုရှင်အဖြစ် အလှမောင် စိုင်းသန့်ဇင်၊ အလှမယ် 1st Runner Up ဆုရှင်အဖြစ် အလှမယ် ဂျေချားချာ၊ 2nd Runner Up ဆုရှင်အဖြစ် အလှမယ်ဂျာဆိုင်းတို့က ရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် Mister ၁၄ ဦးနှင့် Miss ၁၃ ဦး ယှဉ်ပြိုင်ခဲ့ကြရာ တူညီဝတ်စုံများ၊ မြန်မာဝတ်စုံများ၊ ညနေခင်းဝတ်စုံများဖြင့် ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်သည်။

ဆိုင်း (ကချင်မြေ)